ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )**

**[ အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၇၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ဦးလေးဖြစ်သူ နာရေးကိစ္စ။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊မကွေး(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတက်ရောက်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါ တယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ရုံး၏ ၁၆-၁၁-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၅)ဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဦးလွင် အစား ဗိုလ်မှူးချုပ်ကျော်ကျော်စိုး အား အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် ကျော်ဦးလွင် အစား ဗိုလ်မှူးချုပ် ကျော်ကျော်စိုး အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင်အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ် ကျော်ဦးလွင် အစား ဗိုလ်မှူးချုပ် ကျော်ကျော်စိုး အား အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော် က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၅၁၁
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၁၃ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၂၁-၇-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၁၂-၈-၂၀၁၅) ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

- အဓိပ္ပာယ်ပိုမိုတိကျမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသောစကားရပ်များအစား နိုင်ငံခြားငွေဆိုရာတွင် မြန်မာကျပ်ငွေဖြင့် တန်ဖိုးသင့်ထားခြင်းမဟုတ်သော စာတိုက်ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ခရီးသွားချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေးအမိန့် လက်မှတ်များ၊ ငွေပေးကတိစာချုပ်များနှင့် ငွေသားဒင်္ဂါးများ၊ ငွေစက္ကူများ ပါဝင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅၊ ပုဒ်မ ၁၈-က၊ ပုဒ်မခွဲ(က) တွင်ဖော်ပြထားသော စကားရပ်များအစား ယင်းဆောင်ရွက်ပေးသည့် ပြည်တွင်း၌ နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာဝင်ရောက်ခြင်းရှိမရှိ စိစစ်ရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆၊ အခန်း ၇ အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာ ပြည်တွင်းပြည်ပသို့ ယူဆောင်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၊ ပုဒ်မ ၂၃ တွင်ဖော်ပြထားသော စကားရပ်များအစား ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌ နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှ ပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၊ ပုဒ်မ ၂၉-က တွင်ဖော်ပြထားသော စကားရပ်များအစား ပြည်တွင်း၌နေထိုင်သူ သည် ပြည်ပမှချေးငွေရယူရာ၌ ငွေသားဖြင့် ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၁၊ ပုဒ်မ ၃၈-က တွင် ဖော်ပြထားသောစကားရပ်များအစား မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော် အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်း မပြုရဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁၊ ပုဒ်မ ၃၈-ခ တွင်ဖော်ပြထားသော စကားရပ်များအစား မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေ ဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမိုးမြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမိုးမြင့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၅၁၄

ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၁၃ ရက်

၁။ ပြည်သူ့လွှတ်တော်က ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၂၄-၇-၂၀၁၅) ရက်နေ့တွင်

ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၁၁-၈-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသောဆိုသည့်စကားရပ်ကို အဓိပ္ပာယ်ပိုမို ပြည့်စုံစေရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီအက်ဥပဒေ အရလည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ပ)၊ အပိုဒ်ခွဲငယ်(၁)တွင် ဖော်ပြထားသော မတည်ငွေရင်း လုံလောက်မှု အချိုးလိုအပ်ချက်ကို ပြည့်မီစေရန်ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေဆိုသည့် စကားရပ်ကို မြန်မာစာအရေးအသား ဆီလျော်မှုရှိစေရန်အတွက် မတည်ငွေရင်း လုံလောက်မှုအချိုးကို ပြည့်မီစေရန် လိုအပ်ချက်အရ လုံလောက်စွာ ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဖ)တွင် ဖော်ပြထားသော ချေးငွေဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းပြီး အခကြေးငွေရယူ၍ ချေးငွေဆိုင်ရာ သတင်းအချက်အလက် ပံ့ပိုးပေးသည့် အဖွဲ့အစည်း ဆိုသည့် စကားရပ်အစား ချေးငွေဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းပြီး အခကြေးငွေ ရယူ၍ အဆိုပါသတင်းအချက်အလက် ပံ့ပိုးပေးသည့် အဖွဲ့အစည်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဗ)တွင် ဖော်ပြထားသော ငွေအပ်နှံပြီး တောင်းဆိုသည့်အခါတွင်ဖြစ်စေ ဆိုသည့်စကားရပ်ကို အဓိပ္ပာယ်ပိုမိုပေါ်လွင်စေရန်အတွက် ငွေအပ်နှံပြီးအဆိုပါအပ်နှံသူက တောင်းဆိုသည့်အခါတွင်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ်(၄)တွင် ပါရှိသော ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရလည်းကောင်း ဆိုသည့်စကားရပ်မှ ၁၉၅၀ ပြည့်နှစ် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပြီး အသီးသီး အစားထိုးပြင်ဆင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ်၇၁၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော ငွေရေးကြေးရေးဆိုင်ရာ စားသုံးသူများအကာကွယ်ပေးခြင်း ဆိုသည့် စကားရပ်အစား ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၁ ၊ အပိုဒ်ခွဲ (ခ) ၊ အပိုဒ်ခွဲငယ် (၁)နှင့်(၈)တို့တွင် ဖော်ပြထားသော ငွေရေးကြေးရေးဆိုင်ရာ စားသုံးသူကာကွယ်ရေး

ဆိုသည့်စကားရပ်အစား ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူများကို အကာကွယ်ပေးရေး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ် (၂)တွင် ဖော်ပြထားသော စားသုံးသူ အကာအကွယ်ပေးရေး ဆိုသည့်စကားရပ်အစား ဝန်ဆောင်မှု ရယူသူများကို အကာအကွယ်ပေးရေး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ် (၆)တွင် ဖော်ပြထားသော ငွေရေးကြေးရေးဆိုင်ရာ စားသုံးသူ ဆိုသည့်စကားရပ် အစား ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၁၇၊ အပိုဒ်ခွဲ (ခ) ခြေဆင်းတွင်ဖော်ပြထားသော အောက်ပါတို့ကို ဖော်ပြရမည်- ဆိုသည့်စကားရပ် အစား အောက်ပါတို့ပါဝင်ရမည်-ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၁)တွင် ဖော်ပြထားသော မှန်ကန်စွာရေးဆွဲပြုစုထားခြင်း ရှိ မရှိ ဆိုသည့် စကားရပ်အစား မှန်ကန်စွာ ရေးဆွဲပြုစုထားကြောင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ် (၃)တွင် ဖော်ပြထားသော ရှင်းလင်းချက်များသည် ကျေနပ်ဖွယ် ရှိ မရှိ ဆိုသည့်စကားရပ်အစား ရှင်းလင်းချက်များသည် တိကျမှန်ကန်စွာ ဖော်ပြထားကြောင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲငယ် (၄)တွင် ဖော်ပြထားသော ညွှန်ကြားချက်များကို လိုက်နာပြီး ဆောင်ရွက်ထားခြင်း ရှိ မရှိ ဆိုသည့်စကားရပ်အစား ညွှန်ကြားချက်များကို လိုက်နာပြီး ဆောင်ရွက်ထားကြောင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) အခန်း(၂၂)ခေါင်းစဥ်ကို အီလက်ထရောနစ် သက်သေခံချက် ဟုလည်းကောင်း၊ အီလက်ထရောနစ် စာတမ်းအမှတ်အသားများအတွက် သက်သေခံရမည့် နည်းလမ်းများဆိုသည့် စကားရပ်ကို အပိုဒ် ၁၅၀ ၏ခေါင်းစဥ်ခွဲအဖြစ်လည်းကောင်း၊ အပိုဒ် ၁၅၃၊ အပိုဒ်ခွဲ (က)နှင့်(ခ)တို့ကို အခန်း (၂၃) အဖြစ် လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည် ။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ်၁၅၄ တွင် ဖော်ပြထားသော ဗဟိုဘဏ်သည် ဆိုသည့်စကားရပ်အစား ဗဟိုဘဏ်စီမံအုပ်ချုပ်မှုအဖွဲ့သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅၄ ၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားသော ယာယီ သို့မဟုတ် ရပ်စဲခြင်း ဆိုသည့်စကားရပ်အစား ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၇၅ တွင် ဖော်ပြထားသော ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ကုမ္ပဏီများအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆိုသည့် စကားရပ်အစား ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အပိုဒ် ၁၄၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)၊

အပိုဒ်ခွဲငယ်စိတ်(ခခ)၊ အပိုဒ် ၁၇၇ နှင့် အပိုဒ် ၁၈၃ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး

ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်ပညာရှင်များ၊ ယနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅ - ၅၆၈
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်တွေနဲ့ သဘောတူအတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ဇူလိုင်လ ၁၄ ရက်နေ့က ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ဩဂုတ်လ ၂၈ ရက်နေ့မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) အစီအစဉ်ကျနမှုရှိစေရန်နှင့် ရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၂ တွင် ဖော်ပြထားချက်များအစား အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂။ သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် -

(က) Document ဆိုသည့် စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်၏ နောက်တွင် In this expression, electronic records and information are included ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင်ပါရှိသော Document ဆိုသည့် စကားရပ်၏ ဥပမာကို အောက်ပါအတိုင်း အစားထိုးရမည် -

**Illustrations**

(1) any map, plan, graph or drawing;

(2) any photograph;

(3) any label, marking or other writing which identifies or describes anything of which it forms a part, or to which it is attached by any means whatsoever;

(4) any disc, tape, sound-track or other device in which sounds or other data (not being visual images) are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom ;

(5) any film (including microfilm), negative, tape, disc or other device in which one or more visual images are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom; and

(6) any paper or other material on which there are marks, impressions, figures, letters, symbols or perforations having a meaning for persons qualified to interpret them;

(7) Any record generated, sent, received or stored by means of electronic, magnetic, optical or any other similar technologies in an information system or for transmission from one information system to another";

(ဂ) Document ဆိုသည့် စကားရပ်နှင့် ဥပမာတို့၏နောက်တွင် စာတမ်းအမှတ်အသား မိတ္တူ ဆိုသည့် စကားရပ်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

Copy of a document includes -

(1) in the case of a document falling within paragraph (4) of above illustration of the definition of document, a transcript of the sounds or other data embodied in it;

(2) in the case of a document falling within paragraph (5) of above illustration of above illustration of that definition, a reproduction or still reproduction of the image or images embodied in it, whether enlarged or not;

(3) in the case of a document falling within paragraph (4) and (5) of that definition, such a transcript together with such a still reproduction; and

(4) in the case of a document not falling within paragraph (5) of that definition of which a visual image is embodied in a document falling within that clause, a reproduction of that image, whether enlarged or not, and any reference to a copy of the material part of a document must be construed accordingly

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၅ ကို အပိုဒ် ၄ လို့ ပြင်ဆင်ပြီးတော့ ပါရှိတဲ့ grant leave ဆိုတဲ့စကားရပ်ကို give permission ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ granting leave ဆိုသည့်စကားရပ်ကိုတော့ giving permission ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ courtroom ဆိုတဲ့ စကားရပ်ကိုတော့ court ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ such minimum ဆိုတဲ့ စကားရပ်ကိုတော့ the appropriate ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ revoke suspend or vary ဆိုတဲ့ စကားရပ်တော့ revoke or suspend ဆိုတဲ့ စကားရပ်ဖြင့် အစားထိုးသင့်ပါတယ်။ a live video ဆိုတဲ့ စကားရပ်ကိုတော့ a video conferencing ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့် ပါကြောင်း တင်ပြအပ်ပါတယ်။ ဘေးခေါင်းစဉ်ကို မလိုအပ်၍ ပယ်ဖျက်သင့်ပြီးတော့ ပုဒ်မ ၆၀-က ရဲ့ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

60 A.(1) Notwithstanding anything contained in this Act, a person may, the permission of the court, give evidence through a video conferencing or live television link in any proceedings, if-

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၆ ကို အပိုဒ် ၅ လို့ ပြင်ဆင်ပြီးတော့ အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။

၅။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၂ ရှင်းလင်းချက်(၂)နှင့် ဥပမာ၏ နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

Explanation 3 — Notwithstanding anything contained in Explanation 2, if a copy of a document expressed in section 3 in the form of an electronic record is shown to reflect that document accurately, then the copy is primary evidence.

Illustrations

(a) An electronic record, which has been manifestly or consistently acted on, relied upon, or used as the information recorded or stored on the computer system, is primary evidence of that document.

(b) If the electronic record has not been manifestly or consistently acted on, relied upon, or used as a record of the information in the document, the electronic record may be treat as secondary evidence of that document."

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၉ ကို အပိုဒ် ၇ လို့ ပြင်ဆင်ပြီး ပါရှိတဲ့ the existing law ဆိုတဲ့ စကားရပ်ကို any existing law ဆိုသည့်စကားရပ်နဲ့ ပြင်ဆင်သင့်ပါတယ်။ in clause (a), ဆိုတဲ့ စကားရပ်တော့ in sub-section (a), ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ ခြေဆင်းတွင်ဖော်ပြထားတဲ့ စကားရပ်တွေအစားကတော့ သက်သေခံ အက်ဥပဒေပုဒ်မ ၆၇ ၏နောက်တွင် ပုဒ်မ ၆၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်လို့ အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအပိုဒ်မှာပဲ ပါရှိတဲ့ ဘေးခေါင်းစဉ်နဲ့ အပိုဒ် ၁၀ မှာ ပါရှိတဲ့ ဘေးခေါင်းစဉ်တွေကိုတော့ မလိုအပ်တဲ့ အတွက်မို့လို့ ပယ်ဖျက်သင့်ကြောင်း တင်ပြအပ်ပါတယ်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄ သည် ဥပဒေကြောင်းအရ ဝိဝါဒကွဲလွဲ၍ ငြင်းဆိုရန် အကြောင်းပေါ်ပေါက်လာနိုင်သည့်အတွက် ပယ်ဖျက်သင့်ပါကြောင်းနှင့် အပိုဒ် ၈ သည် မူရင်းပြဋ္ဌာန်းချက် နှင့်မကိုက်ညီ၍ ထည့်သွင်းရန် မလိုအပ်ပါဘူး။ ဒါကြောင့်မို့လို့ အဲဒီ အပိုဒ် ၈ ကိုလည်း ပယ်ဖျက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

(စ) မြန်မာစာစာလုံးပေါင်းသတ်ပုံနဲ့ အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြ အပ်ပါသည်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါ့မယ်။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅ - ၅၆၅

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို (၂၄-၃-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ အဖွဲ့ဝင်ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံထီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် (၇-၅-၂၀၁၅)ရက်နေ့နှင့် (၂-၉-၂၀၁၅)ရက်နေ့တို့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အောင်ဘာလေထီဖွင့်ခြင်းနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီး ပုဒ်မ ၂၉၄-က တွင် အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ထီရုံထောင်ခြင်းကို တားမြစ်ထားပြီး ဖောက်ဖျက်ပါက ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်း ထားပါသည်။

(ခ) ထို့အပြင်လောင်းကစားဥပဒေကိုလည်းဥပဒေအမှတ် ၆/၈၆ ဖြင့် ပြဋ္ဌာန်းထားပြီး ယင်းဥပဒေပုဒ်မ ၂(က) တွင် လောင်းကစားခြင်း ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှု ကစားခြင်းတစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသောသို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစားယူသည်ဖြစ်စေ၊ မယူသည် ဖြစ်စေလောင်းကစားခြင်းကိုဆိုသည် ဟုပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်များကိုလည်း ၆ လ/၁ နှစ် / ၃ နှစ် မှ ထပ်မံကျူးလွန်မှုများအတွက် အနည်းဆုံး ၃ နှစ်မှ ၅ နှစ် အထိထောင်ဒဏ်များသတ်မှတ်ထားပါသည်။

(ဂ) အခြေခံအားဖြင့် တိုက်ဆိုင်မှုသို့မဟုတ် ကံစမ်းမှု (Gain of Chance or Gain of Luck)သည် လောင်းကစားခြင်းဖြစ်ပါသည်။ အစိုးရအောင်ဘာလေထီသည် ကံစမ်းကစားခြင်းဖြစ်၍ လောင်းကစားခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်ဟု ယူဆပါသည်။ အစိုးရက ထီဖွင့်ရာတွင် ၆၀ အချိုး ၄၀ ဖြစ်ပါသည်။ ၆၀ အချိုးကို

အစိုးရကမဲဖောက်ပေးပါသည်။ ၄၀ အချိုးကိုအခွန်ဟုဆိုကာ အခွန်ငွေထဲ ထည့်ပါသည်။ ဥပဒေကြမ်း အပိုဒ် ၅ ပါ၊ အီလက်ထရောနစ် ထီလုပ်ငန်းကို ပုဂ္ဂလိကအား အကျိုးတူ ပူးပေါင်းဆောင်ရွက်ခွင့် ပေးခြင်းသည် လောင်းကစားရုံထောင်ခွင့်ပေးခြင်းသာ ဖြစ်၍ ခွင့်ပြုရန်မသင့်ပါ။

(ဃ) ထို့အပြင် ရာဇသတ်ကြီးအရ ထီရုံထောင်ခြင်းနှင့် လောင်းကစားဥပဒေအရ ကံစမ်းကစားခြင်းကို လောင်းကစားခြင်း သတ်မှတ်၍ ပြစ်ဒဏ်များသတ်မှတ်ထားရာ ယခုဥပဒေကြမ်းကို ပြဋ္ဌာန်းပါက ကံစမ်းလောင်းကစားခြင်းကို ခွင့်ပြုသည့် သဘောဖြစ်သဖြင့် တည်ဆဲရာဇသတ်ကြီးနှင့် လောင်းကစားဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်နိုင်ဖွယ် ရာရှိသောကြောင့် ပြဋ္ဌာန်းရန်မသင့်ဟုသဘောရရှိပါသည်။

(င) အခြေခံဥပဒေပုဒ်မ ၃၅ တွင် နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄၈ တွင် နိုင်ငံတော်အခြေခံမူများသည် ဥပဒေလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄၅၁ တွင် နိုင်ငံတော်သည် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရာတွင် လည်းကောင်း၊ နိုင်ငံတော်အခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင်ထိုသို့ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မျှ တရား စွဲဆိုခွင့်မရှိစေရဟု ပြဋ္ဌာန်းထားပါသည်။

(စ) အစိုးရအောင်ဘာလေထီဥပဒေကြမ်း အပိုဒ် ၂၄ တွင် ထီရောင်းချသူမည်သူမျှ ထီလက်မှတ်ကိုသတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုရောင်းချခြင်းမပြုရ ဟူ၍ ပါရှိပါသည်။ ဈေးကွက်အတွင်း ထီ ဈေးနှုန်း ကြီးမြင့်နေရခြင်း၏ အခြေခံအကြောင်းအရင်းမှာ ရောင်းချရာတွင် ဆွဲဆောင်မှု ရှိစေရန်အတွက် ကုန်ကျစရိတ်များသည့် ကြော်ငြာခြင်း၊ အပိုဆောင်းချီးမြှင့်ငွေနှင့် ဆုပစ္စည်းပေးအပ်ခြင်းများကို လုပ်ငန်းရှင်များက ကျင့်သုံးဆောင်ရွက်နေခြင်းကြောင့် လည်းကောင်း၊ ထီရောင်းချသူထံမှ ထီလက်မှတ် ဝယ်ယူသူများထံသို့ ဈေးကွက်လိုအပ်ချက်အရ အဆင့်ဆင့် ဖြန့်ဖြူးရောင်းချရသည့် လုပ်ငန်းစဥ်ဖြစ်သောကြောင့်လည်းကောင်းဖြစ်ပါသည်။

(ဆ) အပိုဒ် ၂၇ တွင် မည်သူမဆို အပိုဒ် ၂၄ ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုငွေဒဏ်ကျပ် သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိချမှတ်ရမည်ဟုဖော်ပြထားပါသည်။ ထိုသို့ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည့်သူများမှာ ထီလက်ပွေ့ရောင်းချသူများသာ ဖြစ်ပါမည်။ ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ ဝယ်လိုအားနှင့် ရောင်းလိုအား အပေါ်မူတည်၍ ဈေးနှုန်း ဖြစ်ပေါ်ပါသည်။ ရောင်းလိုအားများလျှင် ဈေးကျပါသည်။ ဝယ်လိုအားများလျှင် ဈေးတက်ပါသည်။ ဈေးနှုန်းကန့်သတ်ခြင်းကို ကွန်မြူနစ်နှင့် ဆိုရှယ်လစ် စီးပွားရေး စနစ်တွင်

သာ ပြုလုပ်လေ့ရှိပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်လုပ်ဖြန့်ချိ နေသည့် အခွန်တော် တံဆိပ်ခေါင်းများအတွက်ပင်လျှင် ဈေးနှုန်းကန့်သတ်ချက်မျိုး မရှိပါ။ ဥပဒေကြမ်းပါ အပိုဒ် ၂၄ နှင့် ၂၇ တို့သည် အခြေခံဥပဒေပုဒ်မ ၃၅ ပါ ဈေးကွက်စီးပွားရေးစနစ် အခြေခံမှုကိုဖောက်ဖျက်ခြင်း ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းရာတွင် အခြေခံမှုကို လေးစားလိုက်နာရမည်ဆိုသော ပြဋ္ဌာန်းချက်ကို လိုက်နာရန် လိုပါသည်။

(ဇ) ထီလက်မှတ်ကို ဝယ်လိုအား ရှိသလောက် ရောင်းနိုင်ရန် ဆောင်ရွက်လျှင် နိုင်ငံတော်တွင် ထီလက်မှတ်မှ ဝင်ငွေလည်း တိုးလာမည်။ ထီလက်မှတ်လက်ပွေ့ရောင်းသောသူများ၊ လမ်းဘေးဆိုင်လေးများ စသည်တို့အား အလုပ်ရရှိစေပါမည်။

(ဈ) အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းတွင် အီလက်ထရောနစ် ထီလုပ်ငန်းကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီသို့မဟုတ်ပုဂ္ဂလိကအားအစုစပ် လုပ်ငန်းဖြစ်စေ၊ အကျိုးတူပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားရာ လက်ရှိမြန်မာနိုင်ငံ အနေနှင့်ကိုက်ညီမှု မရှိသေးသည် ကိုလည်းတွေ့ရှိနိုင်ပါသည်။

(ည) အစိုးရအောင်ဘာလေထီဥပဒေကြမ်းတွင် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဠ) ၌ အောင်ဘာလေသိန်းဆုခွန် ဆိုသည်မှာ ထီလုပ်ငန်းရှင်က ထီလက်မှတ် ရောင်းရငွေအပေါ် နိုင်ငံတော်သို့ ပေးသွင်းသည့် အခွန်ကိုဆိုသည်ဟု ဖွင့်ဆိုထားပြီးဥပဒေ၏ ရည်ရွယ်ချက် ပုဒ်မ၃(က)တွင် အောင်ဘာလေသိန်းဆုခွန်များကို ပိုမိုတိုးတက်ကောက်ခံနိုင်စေရန် ဟုဖော်ပြထားပါသည်။ ဤသို့သော ပြဋ္ဌာန်းချက်များအရ ထိုဥပဒေကြမ်းသည် အခွန်အကောက်နှင့် ဆိုင်သောဥပဒေဟုသတ်မှတ်နိုင်ပါသည်။

(ဋ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (ခ) အရအခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်ပါသည်။

(ဌ) သို့ဖြစ်ပါ၍ အောင်ဘာလေထီသည် လောင်းကစားခြင်းဖွင့်ဆိုချက်နှင့် ငြိစွန်းပြီး တည်ဆဲရာဇသတ်ကြီးနှင့် လောင်းကစားဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းဖွယ်ရာရှိခြင်း၊ ထီလက်မှတ်ဈေးနှုန်းကို ကန့်သတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဈေးကွက် စီးပွားရေးစနစ်မူဝါဒကို ဖောက်ဖျက်ရာရောက်နိုင်ခြင်းကြောင့် အဆိုပါဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုရန် မသင့်ပါကြောင်းသဘောရရှိပါသည်။

(ဍ) အကယ်၍ အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးသင့်သည် ဆိုပါက ထိုဥပဒေကြမ်းမှာ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်း ဖြစ်နေပါသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်သင့်သည်ဟု သဘောရရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ အစိုးရအောင်ဘာလေထီ ဥပဒေကို ပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် ပြင်ဆင်ရန် လိုအပ်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ ၊ ပုဒ်မခွဲ (ခ)နှင့်အညီ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အစိုးရအောင်ဘာလေထီဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုလုပ်ငန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်မှုလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ ကော်မတီ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်း

ကော်မတီ၏ စက်မှုလုပ်ငန်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**စက်မှုလုပ်ငန်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ - ၅၅၈

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က စက်မှုလုပ်ငန်းဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၂၇-၈-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် (၂၉-၉-၂၀၁၅)ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စက်မှုလုပ်ငန်းဥပဒေကြမ်းကို တည်ဆဲဥပဒေများဖြစ်သော ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ (အမှတ် ၂၂/၉၀)၊ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (အမှတ် ၁၃/၉၁)နှင့် ပြင်ဆင်သည့်ဥပဒေ (အမှတ် ၁၄/၂၀၁၁)၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (အမှတ် ၂၃/၂၀၁၅)၊ ၂၀၁၃ ခုနှစ်၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ (အမှတ် ၁/၂၀၁၃)စသည့် ဥပဒေများနှင့် နှိုင်းယှဉ်ချိန်ထိုး လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ထိခိုက်ဖွယ်ရာ ရှိခြင်း

(၁) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် စက်မှုလုပ်ငန်းဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)ပါ မိုက်ခရိုစက်မှုလုပ်ငန်းနှင့် အပိုဒ်၂(ဂ)ပါ အသေးစားစက်မှုလုပ်ငန်းဖွင့်ဆိုချက်တို့သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (အမှတ် ၂၃/ ၂၀၁၅) ပုဒ်မ ၂ (က)ပါ အသေးစား စီးပွားရေးလုပ်ငန်းဖွင့်ဆိုချက်တွင် အကျုံးဝင်နေကြောင်းတွေ့ရှိရပါသည်။

(၂) ဤဥပဒေကြမ်း အပိုဒ် ၂ (ဃ)ပါ အလတ်စားစက်မှုလုပ်ငန်း ဖွင့်ဆိုချက်သည်လည်း အသေးစားနှင့်အလတ် စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအပိုဒ် ၂ (ခ)ပါ အလတ်စားစီးပွားရေးလုပ်ငန်း ဖွင့်ဆိုချက်တွင် အကျုံးဝင်နေကြောင်းလည်း တွေ့ရှိရပါသည်။

(၃) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၁၇) မှတ်ပုံတင်ခြင်းအခန်းပါ ပြဋ္ဌာန်းချက်အရ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်ရန် ပြဋ္ဌာန်းထားပါသည်။ ထိုသို့ မှတ်ပုံတင်ထားသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း

များသည် အခန်း(၉) ပုဒ်မ ၁၈ အရ အခွင့်အရေးများ ခံစားခွင့်ရှိမည် ဖြစ်ပါသည်။ မှတ်ပုံမတင်လျှင် ထိုခံစားခွင့်များ မရရှိရုံသာဖြစ်ပြီး ပြစ်ဒဏ် သတ်မှတ်ချက် မပါရှိပါ။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမှာ ယင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။

(၄) ဤဥပဒေကြမ်း အခန်း(၅) တွင်စက်မှုလုပ်ငန်းများကို မှတ်ပုံတင်ခြင်းကိစ္စ ပြဋ္ဌာန်းထားပြီး အခန်း(၉) လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်များတွင် စက်မှု လုပ်ငန်းများနှင့် လည်ပတ်လျက်ရှိသော စက်မှုလုပ်ငန်းများသည် (၃)လ အတွင်း မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ဖော်ပြထားပြီး ထိုသို့ မှတ်ပုံမတင်ပါက အခန်း(၂၀) ပြစ်မှုပြစ်ဒဏ်အခန်းတွင် ပြစ်ဒဏ်များ သတ်မှတ်ထားပါသည်။ ထိုသို့ ပြဋ္ဌာန်းထားလျှင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၏ရည်ရွယ်ချက်ပျက်ပြားပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်ကို နောက်ပြဋ္ဌာန်း သည့်ယခုဥပဒေက လွှမ်းမိုးမည်ဖြစ်၍ မှတ်ပုံ မတင်ပါက ပြစ်ဒဏ်ချမှတ်ရမည် ဖြစ်ပါသည်။ ဤသို့ ပြစ်ဒဏ်ချမှတ် မည်ဆိုပါက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်မည် ဖြစ်ပါသည်။

(၅) ဤဥပဒေကြမ်းပါ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ မှတ်ပုံတင်ခြင်းကိစ္စများ၊ လုပ်ငန်းဆောင်ရွက်သူ၏တာဝန်နှင့် အခွင့်အရေးများ စသည်တို့မှာလည်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ တွင် ပါရှိပြီးဖြစ်ပါသည်။

(၆) သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းတွင်ပါရှိသော မိုက်ခရိုစက်မှုလုပ်ငန်း၊ အသေး စားစက်မှုလုပ်ငန်းနှင့်အလတ်စား စက်မှုလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ကို ချန်လှပ်ပြီး အကြီးစားစက်မှုလုပ်ငန်းအတွက် တည်ဆဲပုဂ္ဂလိက စက်မှု လုပ်ငန်းဥပဒေ(အမှတ် ၂၂/၉၀)ကို ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းပြီး အသစ် ပြန်လည်ရေးဆွဲခြင်းပြုသင့်ပါသည်။

(ခ) တည်ဆဲပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ဤဥပဒေကြမ်းတို့သည် တည်ဆဲအသေးစား စက်မှုလက်မှု လုပ်ငန်းဥပဒေနှင့် ဝိရောဓိဖြစ်ခြင်း

(၁) မူလအိမ်တွင်း စက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ (အမှတ် ၁၃/၉၁) တို့ကို ပြင်ဆင်သည့် ဥပဒေ(နယက ဥပဒေအမှတ် ၁၄/၂၀၁၁)ဖြင့် ထို ဥပဒေ၏ အမည်ကို အသေးစား စက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ ဟု ပြင်ဆင်ခဲ့ပါသည်။ ထိုပြင်ဆင်သည့် ဥပဒေအရ အသေးစား စက်မှုလက်မှု လုပ်ငန်း အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ယခင်အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းကို မြင်းကောင်ရေ(၃)ကောင်အားအောက်အစား မြင်းကောင်ရေ(၀.၂၅) နှင့်

အထက် (၅)ကောင်အောက် အသုံးပြု၍ အလုပ်သမား(၉)ဦးထက်မပိုသော အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းနှင့် အလုပ်သမား (၃)ဦးနှင့်အထက်ရှိသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများကိုဆိုကြောင်း ပြင်ဆင်၍ အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပါသည်။

(၂) ထိုအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်လျှင် ထိုဥပဒေပါ အခွင့်အရေးများကို ခံစားရမည်ဖြစ်ပြီး မှတ်ပုံမတင်လျှင် ပြစ်ဒဏ်မပါရှိခဲ့ပါ။ သို့ရာတွင် အဆိုပါ ပြင်ဆင်သည့်ဥပဒေ (အမှတ် ၁၄/၂၀၁၁)အရ မှတ်ပုံမတင်လျှင် ပြစ်ဒဏ်များထည့်သွင်းထားကြောင်း တွေ့ရှိ ရပါသည်။

(၃) စက်မှုဝန်ကြီးဌာနကစီမံခန့်ခွဲသော တည်ဆဲပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေ (အမှတ် ၂၂/ ၉၀) ပုဒ်မ ၄ တွင် မှတ်ပုံတင်ရမည့် စက်မှုလုပ်ငန်းကို မြင်းကောင်ရေ(၃)ကောင်အားနှင့် အထက်ဟုသတ်မှတ်ခဲ့ပြီး မှတ်ပုံမတင်ပါက ပုဒ်မ ၂၈ နှင့် ၂၉ တို့တွင် ပြစ်ဒဏ်သတ်မှတ်ထားပါသည်။

(၄) သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(အမှတ် ၁၃/၉၁)ကို မူလပြဋ္ဌာန်းစဉ်က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွင့်ဆိုချက်တွင် မြင်းကောင်ရေ (၃)ကောင်အား အောက်ဟု ပြဋ္ဌာန်းထားသဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် ဝိရောဓိမဖြစ်ပါ။ သို့ရာတွင် ထို အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၁၄/၂၀၁၁)ဖြင့် ပြင်ဆင်ချက်အရ မြင်းကောင်ရေ (၃)ကောင်အားနှင့် အထက် မြင်းကောင်ရေ(၅)ကောင်အားအောက် အသေးစားစက်မှု လုပ်ငန်းကို မှတ်ပုံတင်ရမည့် ဝန်ကြီးဌာန (၂)ခုဖြစ်နေပြီး မှတ်ပုံမတင်ဘဲ ပျက်ကွက်ပါက ဥပဒေနှစ်ရပ်အရ ပြစ်ဒဏ်ပေးရမည် ဖြစ်နေသည်မှာ လုံးဝသင့်လျော်မှု မရှိပါ။

(၅) ထို့ပြင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အသေးစားလုပ်ငန်းများကို မှတ်ပုံမတင်လျှင် ပြစ်ဒဏ်သတ်မှတ်ချက် မရှိသော်လည်း ဖော်ပြပါအိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၁၄/ ၂၀၁၁)အရ ပြစ်ဒဏ်သတ်မှတ်ထားသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအသေးစားစက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံမတင်ပါက ပြစ်ဒဏ်ချမှတ်ရမည်ဖြစ်၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၏ ရည်ရွယ်ချက် ပျက်ပြယ်မည်ဖြစ်ပါသည်။

(၆) သို့အတွက် အဆိုပါ အသေးစားစက်မှုလက်မှုလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် စီမံခန့်ခွဲသည့် ဝန်ကြီးဌာနမတူသော်လည်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် အကျုံးဝင်ပြီး ဖြစ်ခြင်းနှင့် ထိုဥပဒေနှစ်ခုမှာ ဝိရောဓိ ဖြစ်နေခြင်းတို့ကြောင့် အသေးစားနှင့်

အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို အကောင်အထည်ဖော်ရန် လိုအပ်လျှင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသင့်ပါသည်။

(ဂ) စက်မှုဇုန်များတည်ထောင်ခြင်း

(၁) ဤဥပဒေကြမ်းအခန်း(၁၀)တွင် စက်မှုဇုန်တည်ထောင်ခြင်း၊ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များကို ယေဘုယျ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

(၂) တည်ဆဲ ၂၀၁၃ ခုနှစ်၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ(အမှတ် ၁/၂၀၁၃) အရ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် ပါဝင်သောဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ်ထားပါသည်။ ထိုဥပဒေတွင် အထူးစီးပွား ရေးဇုန်များတည်ထောင်ခြင်း၊ ကင်းလွတ်ဇုန်နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန် များသတ်မှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးတည်ဆောက်သူများ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များ၊ အခွန်အခကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသတ်မှတ်ခြင်း စသည်တို့ကို နိုင်ငံတကာ၏ စက်မှုဇုန်များနည်းတူ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားပါသည်။

(၃) ဤဥပဒေကြမ်းတွင်စက်မှုဇုန်များကို မည်သည့်အဖွဲ့အစည်းက မည်သို့တည်ထောင်မည်၊မည်သည့်နေရာတွင် မည်သည့်စက်မှုဇုန်များ တည်ထောင်မည်၊ မည်သည့်အခွန်အခများ ကင်းလွတ်သက်သာခွင့်ပေးမည် စသည်တို့ အတိအလင်းပါရှိသည်ကို မတွေ့ရှိပါ။ ဤကိစ္စများမှာ နိုင်ငံတစ်ဝန်းလုံး၌ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော မူပိုင်းဆိုင်ရာကိစ္စများ ဖြစ်သည့်အတွက် စက်မှုဇုန်များကို အထူးစီးပွားရေးဇုန်ဗဟို ကော်မတီ၏ အတည်ပြုချက်၊ လမ်းညွှန်ချက်ဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဖွဲ့ဖြင့်စီမံခန့်ခွဲသည့် စက်မှုဇုန်ဥပဒေတစ်ရပ်ရေးဆွဲ ပြဋ္ဌာန်းခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်သင့်ပါသည်။ သို့ဖြစ်၍ ဤဥပဒေကြမ်းတွင် ယေဘုယျမျှသာ ဖော်ပြထားသော စက်မှုဇုန်စီမံခန့်ခွဲခြင်းကိစ္စကို ချန်လှပ်သင့်ပါသည်။

(ဃ) အကြီးစားစက်မှုလုပ်ငန်းအတွက် သီးခြားဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် သင့် မသင့် စဉ်းစားရန် ရှိခြင်း

(၁) တည်ဆဲပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (အမှတ် ၂၂/၉၀)တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ပေးသည့်ဥပဒေဖြစ်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ရေးအဖွဲ့ဖြင့် ကြီးကြပ်ခြင်း၊ လုပ်ငန်းရှင်၏ တာဝန်များသတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ရန်ပျက်ကွက်ပါက ပြစ်ဒဏ်များချမှတ်ခြင်း စသည်တို့ကို ပြဋ္ဌာန်းထားပါသည်။

(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးရာတွင် အကြီးစားစက်မှုလုပ်ငန်းကိုလည်း အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများကဲ့သို့ Facilitate လွယ်ကူချောမောအောင် ဖြည့်ဆည်းပံ့ပိုးကူညီပေးလိုကြောင်း၊ ပြစ်ဒဏ်ပေးရန် အဓိက မရည်ရွယ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီ၏အကြံပြုတင်ပြချက်**

၃။ အထက်ဖော်ပြပါ ဆွေးနွေးချက်နှင့် သဘောထားများအရ မိုက်ခရိုစက်မှုလုပ်ငန်း၊ အသေးစားစက်မှုလုပ်ငန်းနှင့် အလတ်စားစက်မှုလုပ်ငန်းများမှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် အကျုံးဝင်ခြင်းကြောင့် ယင်းလုပ်ငန်းများကိုချန်လှပ်ပြီး အကြီးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဟူသော အမည်ဖြင့် ဥပဒေကြမ်း အသစ်တစ်ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနအား တာဝန်ပေး၍ ရေးဆွဲတင်ပြစေသင့်ကြောင်း သဘောထားရရှိပါသည်။ အဆိုပါဥပဒေအသစ်ကို ပြဋ္ဌာန်းချိန်တွင် ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ (အမှတ် ၂၂/၉၀) နှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဥပဒေ (အမှတ် ၁၃/ ၉၁) တို့ကိုလည်း ရုပ်သိမ်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ စက်မှုဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါ၍ စက်မှုလုပ်ငန်းဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ဘဲ ဆိုင်းငံ့ထားရန်အတွက် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုလုပ်ငန်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုလုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော လမ်းနှင့်တံတား အသုံးပြုခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးဟာရှိန်းဘွေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင် ပညာရှင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၅ -၅၃၉(၁)
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၂၅-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၈-၉-၂၀၁၅) ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။ ယင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်ခြင်းဖြစ်သဖြင့် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအဖြစ် ပြည်သူ့လွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ (၁-၄-၂၀၁၅) ရက်နေ့ မှစ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသစ်အရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် အဆောက်အဦဦးစီးဌာနဟု ပြောင်းလဲခေါ်ဝေါ် ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေတွင် ပါရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို လမ်းဦးစီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သည့် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် ထားရှိသင့်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းနှင့်တံတား အသုံးပြုခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း ပေးမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၅၃၉(၂)

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၂၅-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၈-၉-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်း ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင်-

(က) လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ ယင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်ခြင်း ဖြစ်သဖြင့် လမ်းမကြီး

များဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအဖြစ် ပြည်သူ့လွှတ်တော်၏ ထပ်မံပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ (၁-၄-၂၀၁၅) ရက်နေ့မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသစ်အရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် အဆောက်အဦ ဦးစီးဌာနဟု ပြောင်းလဲခေါ်ဝေါ် ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် လမ်းမကြီးများဥပဒေတွင်ပါရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို လမ်းဦးစီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သည့် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါ သည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းမကြီးများ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး

ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးမောင်အေးထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေ ကြမ်းကော်မတီ အဖွဲ့ဝင် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန် ပေးချက်အရ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ရိုသေလေးစားစွာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၅- ၅၃၉ (၃)

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

၁။ ပြည်သူ့လွှတ်တော်က အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက် မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် (၂၅-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့ လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၈-၉-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပ ပြုလုပ် သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ (၁-၄-၂၀၁၅) ရက်နေ့မှ စ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံသစ်အရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီး ဌာန၊ တံတားဦးစီးဌာနနှင့် အဆောက်အဦ ဦးစီးဌာနဟု ပြောင်းလဲခေါ်ဝေါ် ဖွဲ့စည်းခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် အမြန်လမ်းမကြီးများ ဥပဒေ တွင် ပါရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို လမ်းဦးစီးဌာနဆိုသည့် စကား ရပ်ဖြင့် အစားထိုးပြင်ဆင်သည့် အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်၏အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၂၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၁း၀၁။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်

အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/၂၀၁၅ - ၅၆၀

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ (၁၉-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ (၂၉-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၅၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)တွင် ပါရှိသော စကားရပ်များအစား နာယကသည် လွှတ်တော်သက်တမ်း တစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်း၍ ယင်းလွှတ်တော် သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး ကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း အပိုဒ် ၇ တွင်ပါရှိသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ၏ခြေဆင်းနှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော ဆိုသည့် စကားရပ်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသောဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၈ တွင်ပါရှိသော ဥပဒေနှင့်အညီဆိုသည့်စကားရပ်ကို ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး

အစားထိုး ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပိုးသတ်ဆေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ပိုးသတ်ဆေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်း က ပိုးသတ်ဆေးဥပဒေမူကြမ်းအား အတည်ပြုနိုင်ပါရန် အဆိုပြု တင်ပြသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာနအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာ ပိုးသတ်ဆေး သုံးစွဲသူများ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေး၊ စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင် အန္တရာယ် ကင်းရှင်းစေရေးတို့ အတွက် ပိုးသတ်ဆေးဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ ဥပဒေအမှတ် ၁၀/၉၀ နှင့် ၁၉၉၀ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက တည်ဆဲဥပဒေများအား ခေတ်စနစ်နဲ့လျော်ညီစွာ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ပိုးသတ်ဆေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲရခြင်း ဖြစ်ပါတယ်။ အသစ်ရေးဆွဲ ခဲ့သော ပိုးသတ်ဆေးဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတရုံးနဲ့ နိုင်ငံတော် သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့များမှ အကြံပြုချက်များ ရယူဆောင်ရွက်ပြီးနောက် လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီကို တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးသို့ ဥပဒေမူကြမ်းအား တင်ပြခဲ့ရာမှာ သဘောတူ ခွင့်ပြုချက် ရရှိခဲ့သဖြင့် အမျိုးသားလွှတ်တော်သို့ ဆက်လက်ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဆက်လက်ညှိနှိုင်းအတည်ပြု ဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ယခု အတည်ပြုရန် ရေးဆွဲတင်ပြသော ပိုးသတ်ဆေး ဥပဒေမူကြမ်းသည် ယခင် ပြဋ္ဌာန်းပြီးဖြစ်တဲ့ ပိုးသတ်ဆေးဥပဒေနှင့် အနှစ်သာရအားဖြင့် ကွာခြားမှု မရှိဘဲ တောင်သူလယ်သမား များ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန်အတွက် ရည်ရွယ်၍ ပြုပြင်ရေးဆွဲထားခြင်း ဖြစ်ပါသဖြင့် ပိုးသတ်ဆေးဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဦးထွန်းဇော် (ခ) ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ပိုးသတ်ဆေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ဦးထွန်းဇော် က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပိုးသတ်ဆေးဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ ပိုးသတ်ဆေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

ပိုးသတ်ဆေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပိုးသတ်ဆေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပိုးသတ်ဆေး ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးဟာရှိန်းဘွေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပိုးသတ်ဆေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပိုးသတ်ဆေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၅ - ၄၇၂
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပိုးသတ်ဆေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေး နိုင်ပါရန် (၂၉-၆-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် (၂၂-၇-၂၀၁၅) ရက်နေ့ တွင်တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပိုးသတ်ဆေးဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)တွင်ပါရှိသော ပိုးသတ်ဆေးတွင်ပါဝင်သောဆိုသည့်စကားရပ်ကို ပိုးသတ်ဆေးတွင်ပါဝင်သော သို့မဟုတ် ပိုးသတ်ဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သောဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ထ) တွင်ပါရှိသော လုပ်ကိုင်ဆောင်ရွက်ရန်ဆိုသည့်စကားရပ်ကို လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးဌာနဒုတိယဝန်ကြီးကဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲညွှန်ကြားရေးမှူးကတွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၅ ၏ အောက်တွင် အပိုဒ် ၆ အဖြစ် မှတ်ပုံတင်အဖွဲ့သည် ဦးစီးဌာန၏ လက်တွေ့စမ်းသပ် စစ်ဆေးချက်များ

အရအရည်အသွေးရာခိုင်နှုန်းပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်သည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၇ ကို မလိုအပ်၍ ပယ်ဖျက်ပြီး အပိုဒ် ၈ ကို အပိုဒ် ၇ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မှတ်ပုံတင် အဖွဲ့သည် အရေးပေါ် ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန်မည်သည့် ပိုးသတ်ဆေးကို မဆို အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်ဆို သည့်စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ် ၉ တွင်ပါရှိသော အသုံး မပြုဘဲ ကြာရှည်စွာ သိုလှောင်ထားသော နှစ်လွန် ပိုးသတ်ဆေးများ သည် သက်ရှိအားလုံးနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့်ဓာတ်ခွဲ စစ်ဆေးပြီး စနစ်တကျဖျက်ဆီးရေးအတွက်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည် ဆိုသည့်စကားရပ်ကို သက်တမ်း လွန်ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျ ဖျက်ဆီးရေးအတွက်လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ် တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက်လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပသို့ တင်ပို့ခြင်း ပြုလုပ်လိုသူသည် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာ ပုံစံဖြင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)ပါ အချက်များပူးတွဲ၍ တင်ပို့ခွင့် ထောက်ခံချက်လက်မှတ် လျှောက်ထားရမည်။ မှတ်ပုံတင်အဖွဲ့သည် လျှောက်လွှာကို ခွင့်ပြုပါက ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်သည် ဆိုသည့်စကားရပ်ကို အပိုဒ် ၁၆ အဖြစ်လည်းကောင်း၊ အပိုဒ် ၁၆ ကို အပိုဒ် ၁၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား ပိုးသတ်ဆေးများ ကိုင်တွယ် သုံးစွဲခြင်း၊လက်လီလက်ကား ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်ဖွင့်လှစ်သည့် ကိုင်တွယ်သုံးစွဲမှု သင်တန်းများကိုတက်ရောက်ပြီး ပိုးသတ်ဆေးကိုင်တွယ် သုံးစွဲခွင့်လက်မှတ်ရသူဖြစ်ရမည်ဆိုသည့် စကားရပ်ဖြင့် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ)　မူလဥပဒေကြမ်း အပိုဒ် ၁၇ ကို အပိုဒ် ၁၈ အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသောစကားရပ်များ အစား လိုင်စင်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ

ချမှတ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉ ကို အပိုဒ် ၂၀ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ(ဃ)ကို မလိုအပ်၍ ပယ်ဖျက်ပြီးမူလဥပဒေကြမ်း အခန်း ၇ ကို အခန်း ၈ အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန် နှင့်လုပ်ပိုင်ခွင့်များ ဆိုသည့် စကားရပ်ကို အခန်း ၈ ခေါင်းစဉ်အဖြစ် လည်းကောင်း၊ အပိုဒ် ၂၂ ကို အပိုဒ် ၂၄ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ပိုးသတ်ဆေး ဖော်စပ်ထုတ်လုပ် ရောင်းချခွင့်လိုင်စင် ရရှိသူနှင့် ပြန်လည်ထုပ်ပိုး ရောင်းချခွင့် လိုင်စင်ရရှိသူတို့သည် လုပ်ငန်းကြောင့် သဘာ၀ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင် ရာ ထိခိုက်နိုင်ခြင်းရှိမရှိတို့အား ပုံမှန်စစ်ဆေးခြင်း ခံယူရမည်ဆို သည့်စကားရပ်ကို အပိုဒ် ၂၄၊ အပိုဒ်ခွဲ (ဇ) အဖြစ်အသစ် ဖြည့်စွက် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်းအပိုဒ် ၂၃ ကို အပိုဒ် ၂၅ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး အပိုဒ် ၂၅၊ အပိုဒ်ခွဲ(စ)တွင်ပါရှိသော စစ်ဆေးရေးမှူး သို့မဟုတ် ဦးစီးမှူးဆိုသည့် စကားရပ်ကို ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မြို့နယ် ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေး နမူနာ များကို ပေးအပ်ရမည် ဆိုသည့်စကားရပ်ကို အပိုဒ် ၂၅၊ အပိုဒ်ခွဲ(ဆ) အဖြစ် အသစ်ဖြည့်စွက်ပြီး မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်း လာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့် လုပ်ငန်း၊ ပြည်ပမှ တင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည် ထုပ်ပိုးရောင်းချသည့် လုပ်ငန်းနှင့် ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချသည့် လုပ်ငန်းများကိုမပြုလုပ်ရဆိုသည့် စကားရပ်ကို အပိုဒ် ၃၂ အဖြစ်အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(င) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန် မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း ပြင်ဆင်ခဲ့သဖြင့် ပြောင်းလဲသွားသည့် အမှတ်စဉ် များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယား ဖြင့်ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပိုးသတ်ဆေးဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါ သဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပိုးသတ်ဆေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေး ဥပဒေကြမ်း ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး များအားလုံး မင်္ဂလာပါလို့ ထပ်ဆင့်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီးတော့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် ဆက်လက်ပြီးတော့ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေမူကြမ်းအား အတည်ပြုပေးနိုင်ရန် အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူများ သီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် မျိုးသစ်၊ မျိုးဆန်းများ စိုက်ပျိုးထုတ်လုပ်ကာ ပိုမိုအကျိုးအမြတ် ရရှိပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အပင်မျိုးသစ်များ မွေးမြူထုတ်လုပ်ပေးသည့် အပင်မျိုး မွေးမြူသူများ၏ ရပိုင်ခွင့် အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး၊ အပင်မျိုးသစ် မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်

လာစေရေးနဲ့ အပင်မျိုးသစ် မွေးမြူခြင်းလုပ်ငန်းမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးတို့အတွက် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ပြုစုရေးဆွဲခဲ့ပါတယ်။ နိုင်ငံတော်သမ္မတက ခေတ်နှင့်အညီ အသစ်ပြဋ္ဌာန်းလိုတဲ့ ဥပဒေများအား အလေးထားဆောင်ရွက်ရန် လမ်းညွှန်ချက်အရ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကို အသစ် ပြုစုရေးဆွဲခြင်း ဖြစ်ပါတယ်။ အဆိုပါ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကို အသစ် ပြုစုရေးဆွဲရန် လိုအပ်သောကြောင့် ပြုစုရေးဆွဲပြီးနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ပြီးဥပဒေရေးရာ အကြံပြုချက်များ ရယူ၍ ညှိနှိုင်း ပြုစုရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်ရရှိပြီး အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေမူကြမ်းအား နိုင်ငံတော်သမ္မတရုံးကို ဆက်လက်တင်ပြ၍ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့မှ အကြံပြုချက်များကို ရယူဆောင်ရွက်ခြင်း၊ လုံခြုံရေး ၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ တင်ပြခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြသဘောတူ ခွင့်ပြုချက်ရရှိခဲ့ပြီး လွှတ်တော်သို့ ဆက်လက်ပေးပို့ ခဲ့ပါတယ်။ အဆိုပါ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေမူကြမ်းအတွက် အခန်းပေါင်း(၁၀)ခန်း၊ ပုဒ်မပေါင်း (၄၄)ခုပါရှိပြီး တောင်သူများ၏ အကျိုးစီးပွားမြှင့်တင်ပေးရန် ရည်ရွယ်၍ ပြုစုရေးဆွဲထားခြင်း ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်ကြီးမှ ဆွေးနွေးဆုံးဖြတ် အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)။** ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တင်သွင်းတဲ့ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။**　　။အစီအစဉ်(၃၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဧည့်သည် တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

### အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏
### အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ- ၁)၁/၂၀၁၅- ၅၁၈
ရက်စွဲ၊ ၂ ၀ ၁ ၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

၁။　　ပြည်ထောင်စုလွှတ်တော်က အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် (၂၉-၆-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေး

နှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၁၃-၈-၂၀၁၅) ရက်နေ့တွင်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား အပင်မျိုးမွေးမြူသူဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုး တစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကိုလည်းကောင်း၊ အပင်မျိုး မွေးမြူသူအား အဖိုးအခဖြင့် တာဝန် ပေးအပ်သူလုပ်ငန်းပိုင်ရှင်ကို လည်းကောင်း၊ အပင်မျိုး မွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရန်နှင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းစေရန်အတွက် အပင်မျိုးသစ်ကို ကာကွယ်သည့်အခွင့်အရေး ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ်လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေပုဒ်မ ၂၃ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုးမွေးမြူသူ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် ကာကွယ် နိုင်သည့် အခွင့်အရေး ကိုဆိုသည် ဆိုသည့်စကားရပ်ကို အပိုဒ် ၂၊ အပိုဒ်ခွဲ (င) အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ်၂၊ အပိုဒ်ခွဲ (င)ကို အပိုဒ်ခွဲ(စ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုး မွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့် အခွင့်အရေးကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရန်နှင့် ဦးစီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည် ဆိုသည့်စကားရပ်ကို အပိုဒ် ၂၊ အပိုဒ်ခွဲ (ဍ)အဖြစ် အသစ်ဖြည့်စွက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၈ တွင်ဖော်ပြထားသောစကားရပ်များအစား အဓိပ္ပာယ် ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင် မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေးလျှောက်ထားလာသည့်အခါ သတ်မှတ်ချက် များနှင့် ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပင်မျိုးသစ် ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း ဆိုသည့်စကားရပ်ကို အခန်း(၆) အခန်းခေါင်းစဉ်အဖြစ် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၈ ၊ အပိုဒ်ခွဲ (က)တွင်ဖော်ပြထားသော စကားရပ်များအစား စီးပွားဖြစ် မဟုတ်သော စိုက်ပျိုး

ထုတ်လုပ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ)တွင်ဖော်ပြထားသော စကားရပ်များအစား နည်းဥပဒေတွင် ခွင့်ပြုထားသည့်ပမာဏအရ တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အပင်မျိုးသစ် အကာအကွယ် ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ယခု အစည်းအဝေးကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဖြစ်ပါတယ်။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့တဲ့ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဥ်းစားရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာမှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေနဲ့လည်း ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့် လိုက်လျောညီထွေမှုရှိစေရန် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ရင်ပေါင်တန်းလိုက်ပါနိုင်ရန်အလို့ငှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၅/၉၄ ဖြစ်တဲ့ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေကို ရုပ်သိမ်းပြီး သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေကို အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်းအား ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဟာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေမူကြမ်းရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ၂၀၁၃ ခုနှစ်မှ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီးတော့ ရေးဆွဲခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့လည်း တင်ပြညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် ရရှိမယ့် အကျိုးကျေးဇူးများကတော့ အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကောင်စီကို ဥပဒေအရ ဖွဲ့စည်းနိုင်ပြီး ယင်းကောင်စီအောက်တွင် ဘာသာရပ်နယ်ပယ်အလိုက် သက်ဆိုင်ရာ ကော်မတီများဖွဲ့စည်းကာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ခြင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြည့်ခြင်းတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု ခိုင်မာလာစေခြင်း၊ အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမယ့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အသီးသီးမှာ ဦးစားပေး အစီအစဥ်အလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက်

ပြည်တွင်းပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ စက်မှုကုန်ထုတ်လုပ်ငန်းများနဲ့ အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင် မှာဖြစ်ခြင်း၊ သိပ္ပံနှင့် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ပိုမိုထူထောင် ရယူစေ နိုင်ပြီး အကျိုးရှိမယ့် သုတေသန လုပ်ငန်းများနဲ့ ထူးချွန်ပညာရှင်များကို ထောက်ပံ့ချီးမြှင့်ပေးနိုင်မှာဖြစ်ခြင်း၊ သုတေသနနဲ့ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ အင်အားတောင့်တင်း ခိုင်မာလာပြီး သုတေသန ရလဒ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ မြှင့်တင်နိုင်မည်ဖြစ် ခြင်း၊ အောင်မြင်သည့် သုတေသန ရလဒ်များနဲ့ ဆန်းသစ်တီထွင်မှုများကို နည်းပညာလွှဲပြောင်းရာမှာ စနစ်တကျ ဆောင်ရွက်နိုင်မှာဖြစ်ခြင်း၊ နိုင်ငံတကာရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပညာရပ်ဖလှယ်ရေး အစီအစဉ်များ၊ ကျွမ်းကျင်ပညာရှင် အချင်းချင်း လဲလှယ်ဆောင်ရွက်မှု အစီအစဉ်များ နိုင်ငံတကာ Conference များ စာတမ်းဖတ်ပွဲများပိုမို ကျင်းပပြုလုပ်နိုင်မှာ ဖြစ်ခြင်းတို့ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ လွန်စွာအရေးပါတဲ့ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးမှ ဆွေးနွေး စဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံ အပ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှု ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးမြင့်ထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ကော်မတီဝင်ဖြစ်တဲ့ ကျွန်တော် ဦးမြင့်ထွန်း က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို စိစစ်တင်ပြတဲ့ အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏**

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း စီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၅၁၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၁၃ ရက်

၁။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဆွေးနွေးဖို့ ဇူလိုင်လ(၁၃) ရက်နေ့က ပေးပို့လာတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်က ပညာရှင်တွေ၊ သိပ္ပံ၊ နည်းပညာဝန်ကြီးဌာနက တာဝန်ရှိတဲ့သူတွေနဲ့ ဇူလိုင်(၂၁)ရက်ရယ်၊ သြဂုတ်လ (၁၁)၊ စုစုပေါင်း (၂)ရက် ဆွေးနွေးခဲ့ပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ လေ့လာတွေ့ရှိချက်တွေကတော့ ပထမအချက်အနေနဲ့ အချက်(က)မှာ မူလ ဥပဒေကြမ်းရဲ့ အမည်ဖြစ်ပါတယ်။ အဓိပ္ပာယ်ပိုပြီးတော့ ပေါ်လွင်သွားအောင်လို့ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး ဥပဒေဆိုပြီးတော့ ပြောင်းဖို့ သဘောတူကြပါတယ်။ မူလဥပဒေကြမ်းတွင် ပါရှိသော ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေး ဆိုသည့်စကားရပ်မှာ ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဆိုပြီးတော့ ပြောင်းဖို့ သဘောတူကြပါတယ်။ မူလဥပဒေကြမ်း အခန်း (၈)၊ ဘဏ္ဍာရေးဆိုတဲ့ အခန်းကို ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုသည့် အခန်းအနေနဲ့ ပြင်ဆင်ပြောင်းလဲ ပြီးတော့မှ ရန်ပုံငွေနှင့် ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေ ပြည့်ပြည့်စုံစုံ ဖြည့်စွက်ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော်တို့ သဘောတူကြပါတယ်။

ဒုတိယအချက်အနေနဲ့ (ခ) နည်းပညာ လွှဲပြောင်းခြင်းနဲ့ဆိုင်တဲ့ နှစ်ဦး နှစ်ဖက်သဘော တူညီချက် စာချုပ်တွေ စိစစ်ဖို့ မှတ်ပုံတင်အရာရှိရဲ့ အခန်းကဏ္ဍကို ဤဥပဒေမှာ ထည့်သွင်းရေးဆွဲ သင့်တယ်လို့ တွေ့ရှိရပါတယ်။

တတိယတွေ့ရှိချက်အနေနဲ့ (ဂ) မြန်မာစာ စာလုံးပေါင်းသတ်ပုံ၊ အရေးအသားအသုံးအနှုန်း ဥပဒေရေးထုံး မှန်ကန်ဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ခဲ့ကြပါတယ်။ ပြောင်းသွားတဲ့ အမှတ်စဉ်တွေ ကိုလည်း ကျွန်တော်တို့ ပြင်ဆင်ခဲ့ကြပါတယ်။ အခန်း(၈) ဖြည့်စွက်ပြဋ္ဌာန်းချက်တွေနှင့် မှတ်ပုံတင် အရာရှိရဲ့ တာဝန်နှင့် လုပ်ငန်းတွေဖြစ်တဲ့ အပိုဒ်ကိုတော့ အပိုဒ် ၂၃ ဆိုပြီးတော့ ကျွန်တော်တို့ ပြင်ပါ တယ်။ အပိုဒ် ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ အပိုဒ်(၅)ပိုဒ်ကိုလည်းပဲ အသစ်ဖြည့်စွက်ခဲ့ကြပါတယ်။ ပြင်ဆင် ဖြည့်စွက်ချက်တွေကိုတော့ နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနဲ့ ကျွန်တော်တို့ ပူးတွဲ တင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ကော်မတီ၏သဘောထားမှတ်ချက်ကတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ် တွေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်တွေနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေး ခဲ့ပြီးတော့မှ ပြင်ဆင်ဖြည့်စွက်ထားတာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပေးပါလို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။နေ့လယ် ထမင်းသုံးဆောင်ဖို့အတွက် (၁)နာရီတိတိရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၅၅)နာရီ အချိန်တွင် ခေတ္တရပ်နားပြီး (၁၂း၅၅)နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း ခွင့်ပန်ကြားသူ (၃)ဦး ရှိပါတယ်။ ဦးဖေသောင်း၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးစစ်ခံရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြ ပါစေကြောင်း ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဝန်ကြီး

ကိုယ်စား ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားပေးနိုင်ဖို့ အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေကို ပယ်ဖျက်သင့်ကြောင်းနှင့် ဥပဒေအသစ် ပြဋ္ဌာန်းသင့်ကြောင်း အဆိုကို ဆွေးနွေး သဘောတူညီခဲ့ပါတယ်။ ဒါကြောင့်မို့လို့လည်း ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အသစ်ရေးဆွဲခဲ့ပြီး လိုအပ်တဲ့ အဆင့်ဆင့်သော တင်ပြခွင့်ပြုချက်များကို ရယူဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ တည်ဆဲ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေဟာ မြန်မာတစ်နိုင်ငံလုံးမှာ အာဏာတည် သက်ရောက်မှု မရှိတဲ့အပြင် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး သတ်မှတ်ပေးထားတဲ့ အရပ်ဒေသများ၌သာ အကျုံးဝင် သက်ဆိုင်ပါတယ်။ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဆိုင်များနှင့် အလုပ်ဌာနများကို အကျုံးဝင်သက်ဆိုင်စေပြီး ကြီးကြပ်ဆောင်ရွက်နိုင်ဖို့ အလုပ်သမားများရဲ့ အလုပ်ချိန် သတ်မှတ်ဖို့ လုပ်ခ၊ လစာ မှန်ကန်စွာ ရရှိဖို့၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာဖို့၊ အလုပ်သမားများရဲ့ ဥပဒေပါ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့တို့ကို ရည်ရွယ်ပြီး ဥပဒေကြမ်းကို အသစ်ရေးဆွဲထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)။** ။အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးမှ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က စဉ်းစားဆွေးနွေးရန် အဆိုအား ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဖိုးဇော်မှ ထောက်ခံပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃:၀၆။**

**ဥက္ကဋ္ဌ**။ ။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃:၀၆။**

**ဥက္ကဋ္ဌ**။ ။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃:၀၆။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ ကော်မရှင်ပညာရှင်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစိုင်းတင်အောင် မှ ဖတ်ကြားတင်ပြပါမယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၅ - ၅၆၇

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် (၁၇-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၂၇-၈-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို လေ့လာစိစစ်ရာအောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံး မှန်ကန်စေရန်အတွက် မူလဥပဒေကြမ်း၏ နိဒါန်းကို ပယ်ဖျက်ပြီး နိဒါန်းပါ စကားရပ်များကို အခန်း(၂) ရည်ရွယ်ချက်များအဖြစ် အောက်ပါအတိုင်း ဖော်ပြသင့်ပါသည်။ မူလနိဒါန်း၏ နေရာတွင် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်ဟု ဥပဒေရေးထုံးအတိုင်း ထားရှိသင့်ပါသည်-

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန် သတ်မှတ်ရန်၊

(ခ) လုပ်ခမှန်ကန်စွာရရှိရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရန်၊

(ဃ) ကျန်းမာရေးအတွက် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်။

(ခ) မူလဥပဒေကြမ်း အခန်း(၁)အခန်းခေါင်းစဉ်ပါ အမည်စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ အစား အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပြီး အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဟု ပြင်ဆင်သင့်ပါသည်။ အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)နှင့် စပ်လျဉ်း၍ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၂ အရ အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ဥပဒေတစ်ရပ်သည် နိုင်ငံတော်တစ်ဝန်းလုံး တွင် အာဏာတည်သော်ကြောင့်လည်းကောင်း၊ ပုဒ်မ ၁၃ အရ ပြဋ္ဌာန်းသည့်နေ့တွင် စတင် အာဏာတည်သော်ကြောင့်လည်းကောင်း ယင်းအပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)ပါ စကားရပ်ကို ထည့်သွင်းရန် မလိုအပ်၍ ပယ်ဖျက်သင့်ပါသည်။

(ဂ) မူလဥပဒေကြမ်းတွင် ပုဒ်မခွဲအညွှန်းများနှင့် စပ်လျဉ်း၍ အရေးအသား ဆီလျော်မှု ရှိစေရန်နှင့် အဓိပ္ပာယ်ပိုမိုပေါ်လွင်စေရန်အတွက် မူလဥပဒေကြမ်းတွင် ဖော်ပြထား သော အထက်ပုဒ်မခွဲ (က) ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ(က) ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်၂၊ အပိုဒ်ခွဲ(င)ကို အပိုဒ်၂ အပိုဒ်ခွဲ(က)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဆိုင် ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ်

ဝတ္ထုပစ္စည်းကို လက်ငင်းသော်လည်းကောင်း၊ အကြွေးသော်လည်းကောင်း၊ အရစ်ကျ စနစ်ဖြင့် သော်လည်းကောင်း၊ လက်ကား သို့မဟုတ် လက်လီရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ် တစ်ဒေသဖြစ်စေ အသုံးပြုသည့် နေရာတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာ ရေးနှင့် အလှပြုပြင်ခြင်းလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ရေဒီယို၊ တီဗွီ၊ တယ်လီဖုန်းပြုပြင် လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွဲ ချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေးအလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာ နှင့် အီလက်ထရောနစ် စနစ်သုံး ပစ္စည်းကိရိယာများ ပြုပြင်တပ်ဆင်ခြင်း လုပ်ငန်းသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် နေရာတစ်ခုခုသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုန်သွယ်အလုပ်ဌာန၊ အများ ပျော်ရွှင်ရေး အလုပ်ဌာန၊ အလုပ်ရုံ သို့မဟုတ် စက်မှုလက်မှု အလုပ်ဌာနတို့ မပါဝင်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြင်ဆင်သင့်ပါသည်။

(ဃ) မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကုန်သွယ် အလုပ်ဌာန ဆိုသည်မှာ ကြော်ငြာ လုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ် လုပ်ငန်း၊ ကုန်သွယ်ရေး ကိုယ်စားလှယ်လုပ်ငန်းများ ဆောင်ရွက်သည့် အလုပ်ဌာနတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှု အလုပ်ဌာန သို့မဟုတ် ကုန်သွယ် လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ အစုစပ်၊ ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိကအလုပ်အကိုင် ရှာဖွေရေး လုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်း၊ ပုဂ္ဂလိက ကျောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ကျန်းမာရေး လေ့ကျင့်မှု အားကစားရုံ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခ ကောက်ခံ သည့် ဂိတ်များသည် လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် ကုန်သွယ်အလုပ်ဌာနဟု သတ်မှတ်သည့်နေရာသည် လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်း စကားရပ်၌ ဆိုင် သို့မဟုတ် အများ ပျော်ရွှင်ရေး အလုပ်ဌာန မပါဝင်။ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင် သင့်ပါသည်။

(င) မူလဥပဒေကြမ်းအပိုဒ်၂၊ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အများပျော်ရွှင်ရေးအလုပ် ဌာန ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံဖျော်ဖြေပွဲများ ကျင်းပသည့်ခန်းမ၊ ဗွီဒီယိုရုံ၊ ကာရာ အိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ် အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေ ကစားကွင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကလေးကစားကွင်းတို့ကို ဆိုသည့် စကားရပ် ဖြင့် ပြင်ဆင်သင့်ပါသည်။

(စ) မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(င)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော အမိန့်ကြော်ငြာစာဖြင့် ဆိုသည့်စကားရပ်ကို အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်သင့်ပါသည်။

(ဆ) မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(ည) ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(စ)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အလုပ်ရှင် ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ် ဌာနကို ပိုင်ဆိုင်သူ သို့မဟုတ် အုပ်ချုပ်သူ သို့မဟုတ် အဆိုပါ ဆိုင် သို့မဟုတ် အလုပ် ဌာနကို အရပ်ရပ် စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင် ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာတရားဝင် လွှဲပြောင်းရရှိသူကိုဆိုသည်။ ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သင့် ပါသည်။

(ဇ) မူလဥပဒေကြမ်းအပိုဒ်ခွဲ(ဌ)နှင့် ယင်း၏ရှင်းလင်းချက်ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ) ဟု အစားထိုးပြင်ဆင်သင့်ပါသည်။

(ဈ) မူလဥပဒေကြမ်း အခန်း ၂ ခေါင်းစဉ်ကို အခန်း(၃)ခေါင်းစဥ်အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃ ကို အပိုဒ် ၄ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်နိုင်သည်။ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄ ကို အပိုဒ် ၅ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည် -

၅။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ရာထူးအလျောက် စစ်ဆေးရေးအရာရှိချုပ် ဖြစ်သည်။

(ခ) စစ်ဆေးရေးအရာရှိများအား နယ်မြေသတ်မှတ် တာဝန်ပေးနိုင်သည်။

(ည) တာဝန်နှင့်လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် တိကျစွာဆောင်ရွက်နိုင်ရန်အတွက် အပိုဒ် ၅ ကို အပိုဒ် ၆ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များ အစား စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စစ်ဆေးရေး အရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည်။ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၆ ကို အပိုဒ် ၇ ဟု ပြင်ဆင်ပြီး ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (က)တွင်ဖော်ပြထားသော ထိုနေရာရှိ ဆိုသည့်စကားရပ်ကို ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေ ၂ ဦးနှင့်အတူ ဝင်ရောက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော သက်ဆိုင်ရာ

သက်သေများနှင့်အတူ သက်သေခံပစ္စည်း ဖြင့် သိမ်းဆည်းနိုင်သည်။ ဆိုသည့်စကားရပ်ကို သက်သေ ၂ ဦးနှင့်အတူ ရှာဖွေပုံစံအဖြစ် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈ တွင် ဖော်ပြထားသော စကားရပ်များအစား ဆိုင်နှင့် ကုန်သွယ်အလုပ် ဌာနများကို သာမန်အားဖြင့် ည ၁၁ နာရီ နှင့် နံနက် ၅ နာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန်တွင် ဆိုင်၌ ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှုရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလ အပိုင်းအခြား အတွင်းတွင် ရောင်းချဝန်ဆောင်မှုပေးနိုင်သည်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉ တွင်ဖော်ပြထားသော စကားရပ်များအစား အများပျော်ရွှင်ရေးအလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေး အခမဲ့ဗလာပွဲများ ကျင်းပသည့် နေရာများမှလွဲ၍ ကျန်အများပျော်ရွှင်ရေး အလုပ်ဌာနများကို နံနက် ၁ နာရီ မှ နံနက် ၅ နာရီကြား ပိတ်ထားရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဠ) မူလဥပဒေကြမ်းအပိုဒ် ၁၀ တွင်ပါရှိသော စကားရပ်များကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၁၀။ အလုပ်ရှင်သည် -

(က) လုပ်ငန်းသဘာဝအရ ၁ ရက်လျှင် ၂၄ နာရီဖွင့်လှစ်ရန် လိုအပ်သည့် ဆိုင်၊ အလုပ် ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြု ချက်တောင်းခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်မရရှိဘဲ ၂၄ နာရီ ဖွင့်လှစ်ခြင်း မပြုရ။

(ဥ) မူလဥပဒေကြမ်းအပိုဒ် ၁၁ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား အလုပ်ရှင် သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများ ပျော်ရွှင်ရေး အလုပ်ဌာန များကို လုပ်ငန်းသဘာဝအရ ၁ ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေး အကြောင်းကြား၍ လုပ်ကိုင်နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသော စကားရပ်များအစား ဆေးရုံ၊ ဆေးခန်း၊ ဆေးနှင့် ဆေးပစ္စည်း ကိရိယာများ ရောင်းချသည့် ဆိုင်များ၊ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ပါရှိသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆိုင်များနှင့် အလုပ်ဌာနများ ဆိုသည့် စကားရပ်ကို ဝန်ဆောင်မှုလုပ်ငန်း၊ ဆိုင်နှင့် အလုပ်ဌာန ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်သင့်ပါသည်။

(ဍ) မူလဥပဒေကြမ်းအပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဆိုသည့် စကားရပ်ကို ဆိုင် သို့မဟုတ် အလုပ်ဌာန၌ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)တွင် ပါရှိသော မည်သည့် ရက်သတ္တပတ်၌မဆို ဆိုသည့်စကားရပ်ကို

ရက်သတ္တပတ် တစ်ပတ်၌မဆို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်သင့်ပါသည်။

(ဃ) မူလဥပဒေကြမ်းအပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော ဆိုင်၌ဖြစ်စေ၊ အလုပ်ဌာန တစ်ခုခု၌ ဖြစ်စေ ဆိုသည့် စကားရပ်ကို ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်သင့်ပါသည်။

(ဏ) မူလဥပဒေကြမ်းအပိုဒ် ၁၅၊ အပိုဒ်ခွဲ (က) တွင်ဖော်ပြထားသော တာဝန်ခံ လက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ခွင့်ပြုချက် ဆိုသည့်စကားရပ်ကို တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော သတ်မှတ်ထားသည့် အန္တရာယ်ရှိသောလုပ်ငန်း ဆိုသည့်စကားရပ်ကို အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသောလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(တ) မူလဥပဒေကြမ်း အပိုဒ် ၁၇ တွင်ဖော်ပြထားသော စကားရပ်များအစား အလုပ်ရှင်သည် ဆိုင် နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေပေးရန်ကာလ အပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ၇ ရက်ထက်နောက်ကျ၍ ထုတ်ပေးခြင်းမပြုရ။ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော ဆိုင် သို့မဟုတ် အလုပ်ဌာနအသီးသီး၌ ဆိုသည့်စကားရပ်ကို ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး ပြင်ဆင် သင့်ပါသည်။

(ထ) မူလဥပဒေကြမ်းအခန်း(၅)ခေါင်းစဉ်ကို အခန်း(၆)ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အလုပ်သမား၏တာဝန်များ ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်သင့်ပါသည်။

(ဒ) မူလဥပဒေကြမ်းအပိုဒ် ၁၉၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် လုပ်ငန်းသုံးပစ္စည်းများ ဆိုသည့်စကားရပ်ကို ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၁ တွင်ဖော်ပြထားသော စကားရပ်များအစား အလုပ်ရှင်သည် ဆိုင်နှင့် အလုပ်ဌာနတစ်ခုခုကို စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင် ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းတို့ ပြုလုပ်သည့် နေ့ရက်မှစ၍ ၁၀ ရက်အတွင်း သတ်မှတ်ထားသော ပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာ ဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြု ထုတ်ပေးထားသော လိုင်စင် မိတ္တူနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသော စကားရပ်များအစား ဆိုင် နှင့် အလုပ်ဌာန တစ်ခုခု၌ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထား ရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား

သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများကို စစ်ဆေးရေး အရာရှိက တောင်းဆိုသည့်အခါတင်ပြရမည်။ ဆိုသည့်စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ် ၂၃ တွင်ဖော်ပြထားသော အလုပ်ရှင်သည် ဤဥပဒေပါကိစ္စများ အလို့ငှာ ဆိုသည့် စကားရပ်ကို အလုပ်ရှင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅ ခြေဆင်းတွင်ဖော်ပြထားသော စကားရပ်များအစား အလုပ်ရှင်သည် ဆိုင်နှင့် အလုပ် ဌာနတိုင်းတွင် အောက်ပါတို့ကိုလိုက်နာရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(က) တွင်ဖော်ပြထားသော ဥပစာများသန့်ရှင်း ရေးဆိုသည့် စကားရပ်ကို မျက်နှာစာသန့်ရှင်းရေး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ (ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား သတ်မှတ်ထားသည့် ဆူညံသံထက်မပိုစေရန် စီမံထားရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ (င)တွင်ဖော်ပြထားသောစကားရပ်များအစား အလုပ်သမား များအတွက် ရှေးဦးသူနာပြု ဆေးသေတ္တာနှင့်ဆေးဝါးများကို သတ်မှတ်ချက်များနှင့် အညီ လုံလောက်စွာ စီမံထားရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့် ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ခေတ်ကာလနှင့်လျော်ညီသော ပြစ်ဒဏ်များချမှတ်နိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၂၈ ကို အပိုဒ် ၂၆ အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော ပုဒ်မ ၁၀၊ ၁၁၊ ၁၂ ၊ ၁၃ နှင့် ၂၅ ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ ပါ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ဖြစ်စေဆိုသည့် စကားရပ်ကို အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၀ ကို အပိုဒ် ၂၇ အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော အနည်းဆုံး ကျပ်သိန်း ၂၀ဆိုသည့်စကားရပ်ကို အနည်းဆုံး ကျပ်သိန်း ၅၀ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၉ ကို အပိုဒ် ၂၈ အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ပါရှိသည့် အနည်းဆုံး ကျပ် ၁၅ သိန်းဆိုသည့် စကားရပ်ကို အနည်းဆုံး ကျပ် ၃၀ သိန်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၆ ကို အပိုဒ် ၂၉ ဟု ပြင်ဆင်ပြီး ယင်းတွင် ပါရှိသော ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၇ ကို အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ပါရှိသော ပုဒ်မ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ ပါ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၅ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အများဆုံး ကျပ် ၁၅ သိန်း အထိ ဆိုသည့်စကားရပ်ကို အများဆုံးကျပ် ၅ သိန်းအထိ ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ် ၃၁ တွင်ဖော်ပြထားသော သတ်မှတ်ထားသည့် ပြစ်ဒဏ်ဆိုသည့် စကားရပ်ကို သတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ဆိုသည့်စကားရပ်ဖြင့် လည်း ကောင်း၊ အပိုဒ် ၃၂ တွင်ဖော်ပြထားသော ဥပဒေနှင့် အညီ ဆိုသည့်စကားရပ်ကို သဘောရိုးဖြင့် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင် သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(န) မူလဥပဒေကြမ်းအပိုဒ် ၃၃၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃၃။ (က) အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်ကဖောက်ဖျက် ကျူးလွန်သည့်နေ့ရက်မှ ၃ လ အတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာပေးပို့၍ တိုင်ကြားနိုင်သည်။

(ခ) စစ်ဆေးရေးအရာရှိသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလို စစ်ဆေး၍ မှန်ကန်မှုရှိလျှင် စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုနိုင်သည်။

(ပ) မူလဥပဒေကြမ်း အပိုဒ် ၇ ကို အပိုဒ် ၃၄ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာအား စစ်ဆေးရေးအရာရှိသည် စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးရေးအရာရှိက တရားစွဲဆိုနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၄ ကို အပိုဒ် ၃၅ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြ ထားသော စကားရပ်များအစား မြို့နယ်တရားရုံးမှ မည်သည့်တရားသူကြီးမဆို ဤ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ဒဏ်ငွေချမှတ်ရန် စီရင်ပိုင်ခွင့်အာဏာ ရရှိစေရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်သင့်ပါသည်။

(ဖ) မူလဥပဒေကြမ်းအပိုဒ် ၃၆ တွင် ဖော်ပြထားသော စကားရပ်များကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃၆။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) လမ်းဘေးပျံ့ကျဆိုင်၊

( ခ ) အခါအားလျော်စွာ ပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသော ဆိုင်၊

( ဂ ) ယာယီမျှသာ ကျင်းပသော ပွဲများတွင်တည်ခင်းသည့် အများပျော်ရွှင်ရေး အလုပ်ဌာန၊ ဆိုင်။

(ဗ) မူလဥပဒေကြမ်းအပိုဒ် ၃၇၊အပိုဒ်ခွဲ (က)တွင်ဖော်ပြထားသော အကြောင်းကြားစာကို လက်ခံရရှိ ခြင်းမရှိသည့် အချိန်ထိ ဆိုသည့်စကားရပ်ကို အကြောင်းကြားစာကို လက်ခံရရှိသည့်အချိန်ထိ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော အများပိုင်ကုမ္ပဏီဖြစ်လျှင် ဆိုသည့်စကားရပ်ကို အများပိုင်မဟုတ်သော ကုမ္ပဏီဖြစ်လျှင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကပိုင် ကုမ္ပဏီဖြစ်လျှင် ဆိုသည့် စကားရပ်ကို အများပိုင်မဟုတ်သောကုမ္ပဏီဖြစ်လျှင် ဆိုသည့်

စကားရပ်ဖြင့်လည်းကောင်း၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတစ်ခုခု အတွက် ဤဥပဒေအရ တရားစွဲဆိုနိုင်သည် ဆိုသည့်စကားရပ်ကို အလုပ်ရှင်အား ဤဥပဒေအရ တရားစွဲဆိုနိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်သင့်ပါသည်။

(ဘ) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၇ (က) နှင့် ညီညွတ်မှုရှိစေရန် အပိုဒ် ၄၀ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(မ) မူလဥပဒေကြမ်းအပိုဒ် ၁၂ အစုခေါင်းစဉ်၊ အပိုဒ် ၁၆ အစုခေါင်းစဉ်၊ အပိုဒ် ၃၅ တို့သည် ထည့်သွင်းရန် မလိုအပ်၍လည်းကောင်း၊အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ခ)သည် ရာဇဝတ်ကျင့်ထုံး ဥပဒေအရ စီရင်ပိုင် ခွင့်အာဏာသည် တရားသူကြီးသို့ အပ်နှင်း ထားသည့်အတွက် မလိုအပ်၍လည်းကောင်း ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ယ) မြန်မာစာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များကို လည်းကောင်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့် ဖြတ်ဇယားဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင် ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ပါတယ်။

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန်အဆိုကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၆။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)။** ။ ရှိသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင် သည့်ဥပဒေကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ဖို့ အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မတ်လ(၉)ရက်နေ့က ကျင်းပ ပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့မှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်ကြောင်းအဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေး သဘောတူညီခဲ့ပါတယ်။ ဒီလို ဆွေးနွေးသဘောတူညီချက်နဲ့အညီ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံနှင့် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရေးဆွဲခဲ့ပြီးတော့ လိုအပ်တဲ့အဆင့်ဆင့်သော တင်ပြခွင့်ပြုချက်များကို ရယူဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ တည်ဆဲ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံ များအက်ဥပဒေပါ စကားရပ်ဝေါဟာရများဟာ ခေတ်ကာလအခြေ အနေနဲ့ လိုက်လျောညီထွေမှုမရှိခြင်း၊ အလုပ်ရုံမှာ လုပ်ကိုင်နေတဲ့ အလုပ်သမားများအား ကာကွယ် စောင့်ရှောက်မှု တိုးချဲ့ဆောင်ရွက်ပေးနိုင်ဖို့အတွက် ဥပဒေရဲ့ အာဏာသက်ရောက်မှုနယ်ပယ်ကို ပြင်ဆင် တိုးချဲ့လိုခြင်း၊ ကလေးလုပ်သားတစ်ဦးဦးအား အဆိုးရွားဆုံးပုံစံနှင့် အလုပ်ခိုင်းစေခြင်းကို တားမြစ်လိုခြင်း၊

အမျိုးသမီးအလုပ်သမားများအား မိန်းမသဘာဝ ဓမ္မတာလာချိန်နှင့် ကိုယ်ဝန်ဆောင်ချိန်တို့မှာ ပိုမို ကောင်းမွန်တဲ့ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုပေးလိုခြင်း၊ မူရင်းအက်ဥပဒေမှာပါရှိတဲ့ ပြစ်ဒဏ်များ၊ အထူးသဖြင့်ငွေဒဏ်ဟာ ခေတ်ကာလ အခြေအနေ နဲ့လျော်ညီမှုမရှိတော့တဲ့အတွက် ဥပဒေစည်းနှောင်မှု အားကောင်းပြီး လေးစားလိုက်နာမှုရှိစေဖို့နဲ့ အာဆီယံဒေသတွင်း နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနဲ့ အညီ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုပေးဖို့အတွက် ရည်ရွယ်ပြီးတော့ ဥပဒေကို ပြင်ဆင် ဖြည့်စွက်ရေးဆွဲထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က စဉ်းစားဆွေးနွေးပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၂၉။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီးက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်ကဆွေးနွေး စဉ်းစားရန် အဆို တင်သွင်းခြင်းအား ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀)က ဦးနုက ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံ များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က စဉ်းစားဆွေးနွေးရန် သင့်မသင့်လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၄၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဗိုလ်မှူးကြီးခင်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာ ကော်မရှင်မှ အဖွဲ့ဝင်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီကိုယ်စား ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်ကို စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော်ကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
### ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
### စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၅ - ၅၅၉

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

၁။　ပြည်ထောင်စုလွှတ်တော်က ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် (၁၇-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် (၃၁-၈-၂၀၁၅) နှင့် (၁-၉-၂၀၁၅)ရက်နေ့များတွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၂ ကို ဥပဒေအရေးအသားမှန်ကန်စေရန်အတွက် အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်ပါရှိသော -

(က) အင်စပက်တော်ချုပ် ဆိုသည့်စကားရပ်ကို အလုပ်ရှင်နှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ခ) အင်စပက်တော် ဆိုသည့်စကားရပ်ကို စစ်ဆေးရေးအရာရှိ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဂ) အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် ဆိုသည့်စကားရပ် နှင့် တာဝန်ခံလက်မှတ် ဆိုသည့်စကားရပ်တို့ကို အလုပ်လုပ်ရန် သင့်လျော် ကြောင်း မှတ်ပုံတင်ဆရာဝန် ထောက်ခံချက်လက်မှတ် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊

(ဃ) မှတ်ပုံဝင်ဆရာဝန် ဆိုသည့်စကားရပ်ကို မှတ်ပုံတင် ဆရာဝန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(င) မြန်မာနိုင်ငံဘယဆေးဆိုင်ရာအက်ဥပဒေ ဆိုသည့်စကားရပ်ကို တိုင်းရင်း ဆေးကောင်စီဥပဒေ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊

(စ) အဆက်ဆာလူကြီး ဆိုသည့်စကားရပ်ကို အကဲဖြတ်ပုဂ္ဂိုလ်ဆိုသည့် စကား ရပ်ဖြင့်လည်းကောင်း၊

(ဆ) မြူနီစီပါယ် ဆိုသည့်စကားရပ်ကို စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ခ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(င)ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များ အစား ပုဒ်မခွဲ(ဠ)၊ ပုဒ်မခွဲငယ်(ငင)၏ နောက်တွင် ပုဒ်မခွဲငယ် (စစ)နှင့် ပုဒ်မခွဲငယ် (ဆဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-ဟု ပြင်ဆင်၍ ပုဒ်မခွဲငယ်(ငင) နှင့် ပုဒ်မခွဲငယ်(စစ)တို့အား ပုဒ်မခွဲငယ်(စစ)နှင့် ပုဒ်မခွဲငယ်(ဆဆ)တို့အဖြစ် ပြောင်းလဲ အမှတ်စဥ် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(စ)တွင် ပါရှိသော လုံခြုံရေး၊ ယာဥ်မောင်း ဆိုသည့် စကားရပ်၏ရှေ့ရှိ စာရင်းကိုင်၊ စာရေး ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၃၊ အပိုဒ်ခွဲ(ဆ) တွင် ပါရှိသော ဆယ့်နှစ်လအတွင်း ဆိုသည့်စကားရပ်ကို ၁၂ လအတွင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ငါး ဦးဆိုသည့် စကားရပ်ကို ၅ ဦး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ တစ်ဆယ်ဦး ဆိုသည့်စကားရပ်ကို ၁၀ ဦး ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ လိုအပ်ပါက အခြားအလုပ် ဌာနများကိုလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည် ဆိုသည့်စကားရပ်ကို လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည် ဆိုသည့်

စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၄ နှင့် အပိုဒ် ၉ ကို အကြောင်းအရာတူညီသဖြင့် အပိုဒ် ၄ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မ ၄၊ပုဒ်မခွဲ(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၅)နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၈)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၅)၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(၁)နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃)၊ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၅ တို့တွင်ပါရှိသော နိုင်ငံတော်သမ္မတဆိုသည့် စကားရပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၅ တွင် ဖော်ပြထားချက်များအစား ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အဓိပ္ပာယ်ဖွင့်ဆိုရန် မလိုအပ်သည့်အတွက် ပယ်ဖျက်လိုပါသဖြင့် အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၀ တို့ကို ပယ်ဖျက်ရမည်။

(ဆ) ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ)တွင် ပါရှိသော နေပြည်တော် အပါအဝင် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ် အစိုးရ ဆိုသည့်စကားရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုနယ်မြေကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ပြီး အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)အဖြစ် ပြောင်းလဲ အမှတ်စဥ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၁၂ တွင်ပါရှိသော ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(၆)ဆိုသည့် စကားရပ်ကို ပယ်ဖျက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဆိုသည့်စကားရပ်ကို အလုပ်ရုံနှင့်

အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်၍ အပိုဒ် ၁၁ အဖြစ် ပြောင်းလဲ အမှတ်စဥ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၁၉ ကို အပိုဒ် ၁၈ အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းတွင် ဖော်ပြထားချက်များအစား အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း တွေ့ရှိရပါသည် -

၁၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါ အတိုင်းဖြည့်စွက်ရမည်-

၃၇-က။ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံတွင် ပြုလုပ်မှုလုပ်ငန်းစဥ်အရ ပြုလုပ်ရာမှ ထွက်ရှိသော ဆူညံသံပမာဏကြောင့် အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ထိခိုက်မှုမဖြစ်စေရန်နှင့် မတော်တဆ ထိခိုက်မှု မဖြစ်စေရန် သတ်မှတ်ချက်များနှင့်အညီ စီမံထားရမည်။

(ည) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၂၀၊ အပိုဒ်ခွဲ(က) ကို အပိုဒ် ၁၇ အဖြစ် ပြောင်းလဲ အမှတ်စဥ်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ တွင် ပါရှိသော နိုင်ငံတော်သမ္မတက နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည် ဆိုသည့် စကားရပ်ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

(ဋ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၂၀၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၂၁ တို့ကို ပယ်ဖျက်ပြီး အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၁၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၈။(၆) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အငယ်ဆုံး အကျယ်အဝန်း မည်၍မည်မျှ ရှိရမည်ကို အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင် မိမိသင့်တော်သည့် ထင်မြင်သော စည်းကမ်းချက် များထား၍ အလုပ်ရုံတစ်ခုခုကိုဖြစ်စေ၊ အလုပ်ရုံအမျိုးအစားတစ်ခုခုကိုဖြစ်စေ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ ညွှန်ကြားချက်အတိုင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဌ) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၂၂ တွင်ပါရှိသော အလုပ်ရှင်ဆိုသည့် စကားရပ်ကို လုပ်ငန်းပိုင်ရှင်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၃ တွင် ဖော်ပြထား ချက်များအစား ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(၃) ၌ ပါရှိသော သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံ ဆိုသည့်စကားရပ်ကို ဆေးခန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ ဟူ၍လည်းကောင်း၊ အပိုဒ် ၂၄ တွင်ဖော်ပြထား ချက်များအစား ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၉ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၄၉ တို့တွင် ပါရှိသော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ ဆိုသည့်စကားရပ်ကို နားနေခန်းများ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အစာစားခန်း ဆိုသည့်စကားရပ်ကို စားသောက်ခန်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။ ဟူ၍လည်းကောင်း အသီးသီးပြင်ဆင် အစားထိုးသင့်ပြီး ယင်းအပိုဒ် ၂၂၊ အပိုဒ် ၂၃ နှင့် အပိုဒ် ၂၄ တို့ကို အပိုဒ် ၂၁၊ အပိုဒ် ၂၂ နှင့် အပိုဒ် ၂၃တို့အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ဍ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၂၅ ကို အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး အောက်ပါ အတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိပါသည် -

၂၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

၅၀။(၁) မိခင်အလုပ်သမား ၁၀၀ ဦးနှင့်အထက်ရှိသော အလုပ်ရုံတွင် ထိုမိခင် အလုပ်သမားများ၏ ၆ နှစ်အောက်ကလေးများအတွက် ကလေးထိန်း ဌာနကို လုပ်ငန်းပိုင်ရှင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန၏ အကူအညီရယူဆောင်ရွက်ရမည်။ မိခင်အလုပ်သမား ၁၀၀ ဦးမပြည့်သည့် အလုပ်ရုံတွင် ယင်းတို့၏ ၆ နှစ်အောက် ကလေးများအတွက် လုပ်ငန်းပိုင်ရှင်က ကလေးထိန်းခန်း ကို သင့်တော်သလို စီမံထားရှိရမည်။ "

(ဎ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၃၀ ကို အပိုဒ် ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်ထားသော စည်းကမ်းချက် များနှင့်အညီ သုံးရက်ကြိုတင်၍ ဆိုသည့်စကားရပ်ကို အလုပ်ရုံနှင့် အလုပ်သမား ဥပဒေဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက လွှဲအပ်ထားသည့် စစ်ဆေးရေးအရာရှိ ထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနည်းဆုံးသုံးရက် ကြိုတင် ၍ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဏ) ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၃၆ ကို အပိုဒ် ၂၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၇၃။(၄) တရားရုံးသည် ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၂ တို့အရ အလုပ်သမားအား ပေးရန် ပျက်ကွက်ခဲ့သည့် ပုဒ်မခွဲ (၁) ပြဋ္ဌာန်းချက်ပါ အချိန်ပိုလုပ်ခကို ပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက ရထိုက်သော အချိန်ပိုလုပ်ခပေးရန် တာဝန်ရှိသူက ထိုအလုပ်သမားအား ထုတ်ပေးရန် အမိန့်ချမှတ်ရမည်။

(တ) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၃၂ ကို အပိုဒ် ၂၉ နှင့် အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ တွင် ပါရှိသော အသက်တဆယ့်သုံးနှစ် မပြည့်သေးသည့် ဆိုသည့်စကားရပ်ကို အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးသည့် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ ၏နောက်တွင် ပုဒ်မ ၇၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၇၅-က။ မည်သည့် လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေခြင်း၊ ကျန်းမာရေးထိခိုက်စေခြင်း၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေခြင်း၊ လူငယ်များ၏ စာရိတ္တနှင့်ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း သို့မဟုတ် လုပ်အား ခေါင်းပုံဖြတ်ခြင်း ရှိသည့် ပုံစံများဖြင့် အလုပ်ခိုင်းစေခြင်းမပြုရ။

(ထ) ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (စ)တို့ကို အပိုဒ် ၃၄ (ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃၄။(ဃ) ပုဒ်မ ၈၅ ၌ ပါရှိသော ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ကို ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ခုနှစ်ဆယ့်ငါးကျပ်ထက်မပိုသော ငွေဒဏ် ဆိုသည့် စကားရပ်ကို ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၅၊ ခြွင်းချက်(၁) ၌ ပါရှိသော ကျပ်ငါးရာတိတိ ငွေဒဏ်ကိုဖြစ်စေ ဆိုသည့်စကားရပ်ကို ကျပ်သိန်းနှစ်ဆယ်တိတိ ငွေဒဏ်ကိုဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(ဒ) ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၁၃၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၃၇ နှင့် အပိုဒ် ၃၈ တို့သည် ယခင်အရေးအသားများကို ပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်၍ အဓိပ္ပာယ်ကွဲလွဲမှုမရှိသည့်အပြင် ရှေးသုံးစကားရပ်များဖြစ်သောကြောင့် ပြင်ဆင်ရန် မလိုအပ်ပါသဖြင့် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါ သည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ**။ ။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေး နေ့) ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အခကြေးငွေ ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ အခကြေးငွေ ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ် များ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ အခကြေးငွေပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က

ဆွေးနွေးစဉ်းစားနိုင်ဖို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ၉ရက်နေ့က ကျင်းပခဲ့တဲ့ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့မှာ ၁၉၃၆ ခုနှစ်၊ လုပ်ခပေးရေး အက်ဥပဒေကိုအသစ်ပြဋ္ဌာန်းသင့်ကြောင်းအဆိုကို ဆွေးနွေး သဘောတူညီ ခဲ့ပါတယ်။ ဒီလိုဆွေးနွေး သဘောတူညီချက်နှင့်အညီ ၁၉၃၆ ခုနှစ်၊ လုပ်ခပေးရေးဥပဒေကို အက်ဥပဒေကို အခကြေးငွေပေးရေး ဥပဒေကြမ်းအဖြစ် အသစ်ပြင်ဆင် ရေးဆွဲခဲ့ပါတယ်။ ပြီးတော့ လိုအပ်တဲ့ အဆင့်ဆင့်သော တင်ပြခွင့်ပြုချက်များကို ရယူဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ ဒီဇယ် ၁၉၃၆ ခုနှစ်၊ လုပ်ခပေးရေး အက်ဥပဒေဟာ လွတ်လပ်ရေးမရမီကာလက ရေးဆွဲပြဋ္ဌာန်းထားတဲ့ Payment of Wages Act-1936 ကို မှီငြမ်းပြုစု ထားတဲ့ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေပါစကားရပ်များနဲ့ ဝေါဟာရ အသုံးအနှုန်းတွေဟာ ခေတ်ကာလအခြေအနေတွေနဲ့ လိုက်လျောညီထွေမှုမရှိတော့တဲ့အပြင် မြန်မာနိုင်ငံမှာ လက်ရှိအလုပ်လုပ် ကိုင်နေကြတဲ့ အလုပ်သမား များအတွက်လုပ်ခလစာပေးဖို့ ကိစ္စကို ခေတ်စနစ်နဲ့အညီ ဖြစ်စေဖို့အတွက် လိုအပ်တာတွေကို အသစ်ရေးဆွဲထားတာဖြစ်ပါတယ်။ ဒါအပြင် စက်ရုံ၊အလုပ်ရုံနဲ့ အလုပ်ဌာနအလိုက် အလုပ်လုပ်နေကြတဲ့ ဝန်ထမ်းဦးရေအပေါ်မှာမူတည်ပြီးတော့ လုပ်ခလစာထုတ်ပေး ရမယ့် ရက်သတ်မှတ် ချက်များ အလုပ်ပျက်မှုကြောင့်ဒဏ်ငွေအဖြစ် အလုပ်သမားရဲ့ အခကြေးငွေကနေ နုတ်ယူဖြတ် တောက်နိုင်တဲ့ နှုန်းထားသတ်မှတ်ချက်များ၊ ကလေးအလုပ်သမားဆိုင်ရာ သတ်မှတ်ချက်များ နှင့် ဥပဒေစည်းနှောင် အားကောင်းပြီး ဟန့်တားရာရောက်စေဖို့အတွက် ခေတ်ကာလ နဲ့ လျော်ညီတဲ့ ပြစ်ဒဏ်များဖြစ်စေရေးတို့အပြင် ရည်ရွယ်ပြီးတော့ ဥပဒေကြမ်းမှာ ထည့်သွင်းရေးဆွဲ ထားတာ ဖြစ်ပါ တယ်။ ဒါကြောင့် မို့လို့အခကြေးငွေပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစား ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**အချိန်၊ ၁၃း၄၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၄၇။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက အခကြေးငွေပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးပေးရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြတ်ကိုမှ ထောက်ခံပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခကြေးငွေပေးရေး ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခကြေးငွေပေးရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခကြေးငွေပေးရေးဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

အခကြေးငွေပေးရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခကြေးငွေပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အခကြေးငွေပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ။** ။ အခကြေးငွေပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ က ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန် ပေးချက်အရ အခကြေးငွေပေးရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးဝင်းမောင်မှ တင်ပြအစီရင်ခံမှာ ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
### အခကြေးငွေပေးရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၅၆၄

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်ကအခကြေးငွေပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပါရန် (၃၁-၈-၂၀၁၅) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းအပေါ်

မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသုံးကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့၏ အကြံပြုချက်များကို ရယူခြင်း၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ သဘောထားမှတ်ချက်များ ရယူခြင်းတို့ကို ဆောင်ရွက်ပြီး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၁၁-၉-၂၀၁၅)ရက်နေ့၊ (၁၄-၉-၂၀၁၅)ရက်နေ့နှင့် (၁၃-၁၀-၂၀၁၅)ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းစိစစ်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခကြေးငွေပေးရေးဥပဒေကြမ်းကို လေ့လာ စိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်းအမည် ကိုတည်ဆဲအခကြေးငွေပေးရေးဥပဒေအမည်နှင့် အသစ်ပြဋ္ဌာန်း သည့် ဥပဒေအမည်တူနေသောကြောင့် အနည်းဆုံးအခကြေးငွေဥပဒေအသစ်ပြဋ္ဌာန်းစဥ် က ခုနှစ်ထည့်သကဲ့သို့ ခုနှစ်ထည့်ပြီး အခကြေးငွေပေးရေးအစား အခကြေးငွေ ပေးချေ ရေး ဟု ပြင်ကာ ၂၀၁၅ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ ဟုပြင်ဆင်သင့် ပါသည်။

(ခ) မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော အလုပ်ကောင်းမွန်သဖြင့် ဆိုသည့်စကားရပ်ကို အလုပ်သမား၏ စွမ်းဆောင်ရည်ကောင်းမွန်သဖြင့် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အလုပ်ရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင် သေဆုံးပါက ယင်း၏အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့ ပါဝင်သည်ဆိုသည့် စကားရပ်အစား ယင်းစကားရပ်တွင် ကန်ထရိုက်တာသည် လည်းကောင်း၊ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏ အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့သည် လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်သမားခေါင်းဆောင် မပါဝင်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော ဗဟိုဘဏ်မှ သတ်မှတ်ရောင်းဝယ်နေသည့်ဆိုသည့် စကားရပ်အစား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေပါစကားရပ်နှင့်တူညီစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ပိုမို ပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်အစား အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃။ (ခ) ပုဒ်မခွဲ(က)အရ အခကြေးငွေပေးချေရာတွင် -

(၁) ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား သီးခြားအကျိုး ခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသား တစ်ချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတစ်ချို့တစ်ဝက်တွဲဖက်၍ဖြစ်စေ ပေးနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမား များအား ဒေသဓလေ့ထုံးတမ်းအရ ဖြစ်စေ၊ အလုပ်သမား အများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရ ဖြစ်စေ၊ ငွေသားတစ်ချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတစ်ချို့ တစ်ဝက်တွဲဖက်၍ ပေးနိုင်သည်။ ထိုသို့ပေးခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံ တစ်ရာအတွက် ဖြစ်ရမည့်အပြင်ပေးသည့် တန်ဖိုးမှာလည်း ကျိုးကြောင်း ဆီလျော်ပြီး မျှတရမည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် ၄ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသော အချိန်ပိုင်း အလုပ်တစ်ခုခုအတွက် အခကြေးငွေကို ထိုအလုပ်ပြီးဆုံးသည်နှင့် အလုပ်သမားအား ပေးရမည်။ သို့ရာတွင် ထိုအလုပ်တစ်ခုခုအတွက် အခကြေးငွေကို လစဉ်ပေးရန် အလုပ်သမားက သဘောတူလျှင် သတ်မှတ် ထားသည့်ကာလအတွင်း ပေးရမည် ဆိုသည့်စကားရပ်ကို အချိန်ပိုင်း အလုပ်တစ်ခုခုအတွက်သော် လည်းကောင်း၊ ယာယီအလုပ် သို့မဟုတ် ပုပ်ပြတ် အလုပ်တစ်ခုအတွက်သော်လည်းကောင်း အလုပ်ပြီးဆုံးသည်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေပေးချေရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(က)အရ အခကြေးငွေပေးရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလအပိုင်းအခြားသည် တစ်လထက်မကျော်စေရဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (ဂ) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား အမြဲတမ်း အလုပ်အတွက် အခကြေးငွေကို လစဉ်ပေးချေရမည်။ ထိုသို့ပေးရာတွင် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ် (၃)တွင် ဖော်ပြထားသော အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၇) ရက်အတွင်း ပေးရမည် ဆိုသည့်စကားရပ်အစား အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် ၅ ရက်အတွင်းပေးချေရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၄)တွင် ဖော်ပြထားသော အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၁၀)ရက်အတွင်းပေးရမည် ဆိုသည့် စကားရပ်အစား အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် ၅ ရက်

အတွင်း ပေးချေရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(င) မူလဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ (စ) တွင် ဖော်ပြထားသော သေဆုံးသည့်အခါ ဆိုသည့် စကားရပ်ကို အလုပ်သမားသေဆုံးသည့်အခါ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၅ တွင် ဖော်ပြထားသော စကားရပ်များအစား အလုပ်ရှင် သည် သဘာဝဘေး အန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့် နေ့ရက်သို့ ပြောင်းလဲ ပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည် ဆိုသည့် စကားရပ်ဖြင့် လည်း ကောင်း ပြင်ဆင်သင့်ပါသည်။

(စ) မူလအပိုဒ် ၁၀ ကို အပိုဒ် ၁၁ အဖြစ်လည်းကောင်း၊ မူလ အပိုဒ် ၁၁ ကို အပိုဒ် ၁၀ အဖြစ် လည်းကောင်း ပြောင်းလဲအမှတ်စဉ်ထားပါသည်။ ပြောင်းလဲအမှတ်စဉ်ထား သည့် အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ည) တွင် ဖော်ပြထားသော အခြေခံအလုပ်သမား အဖွဲ့ အစည်းဆိုသည့် စကားရပ်ကို တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့ အစည်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော အလုပ်ရှင်မှ အလုပ်သမားအား အတိအလင်း အပ်နှံထားသောငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှု ဆိုသည့်စကားရပ် ကို အလုပ်ရှင်မှ အလုပ်သမားအား ထိန်းသိမ်းစောင့်ရှောက်ရန် အတိအလင်း အပ်နှံ ထားသည့်တာဝန်ရှိသော ပစ္စည်းနှင့် ငွေကြေးတစ်စုံတစ်ရာ ပျက်ဆီးဆုံးရှုံးမှုသည် ထိုအလုပ်သမား၏ ပေါ့ဆမှုနှင့် မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်းအပိုဒ် ၁၂၊ အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ (က) အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိပါက နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန် ပျက်ကွက်သည့်နေ့မှ ၆ လအတွင်း ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေး ရန် တင်ပြနိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ပါသည်။ အပိုဒ် ၁၂ ၏ နောက်တွင် အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်-

၁၃။ (က) ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား စစ်ဆေးပြီးသင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ(က)အရ ချမှတ်သည့် အမိန့်ကို ကျေနပ်မှု မရှိပါက ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် စစ်ဆေးရေးအရာရှိထံ ရက်ပေါင်း ၃၀ အတွင်း အယူခံ နိုင်သည်။

(ဂ) ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေး အရာရှိသည် ပုဒ်မခွဲ (ခ) အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (ဂ) အရ ချမှတ်သည့် အမိန့်ကို ကျေနပ်မှုမရှိပါက ဦးစီးဌာနသို့ ရက်ပေါင်း ၆၀ အတွင်း အယူခံ နိုင်သည်။

(င) ဦးစီးဌာနသည် ပုဒ်မခွဲ (ဃ) အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ် သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည်။

(စ) ဦးစီးဌာန၏ ပုဒ်မခွဲ (င) အရ ချမှတ်သည့် အမိန့်သည် အပြီးအပြတ် ဖြစ်သည်။

(ဇ) မူလဥပဒေကြမ်း အပိုဒ် ၁၃ ကို အပိုဒ် ၁၄ အဖြစ်ပြောင်းလဲအမှတ်စဥ်ပြီး ဝန်ကြီးဌာနက သတ်မှတ်သည့် နှုန်းထားအတိုင်း ရထိုက်ခွင့်ရှိသည် ဆိုသည့် စကားရပ်ကို တည်ဆဲဥပဒေ အရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း (၅) အခန်းခေါင်းစဥ် တွင်ဖော်ပြထား သော စစ်ဆေးရေးအရာရှိ ချုပ်နှင့် စစ်ဆေးရေး အရာရှိများ၏ တာဝန်များ ဆိုသည့် စကားရပ်ကို စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏ တာဝန်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၈၊ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြ ထားသော စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး အချိန်မရွေး ဝင်ရောက် ကြည့်ရှုစစ်ဆေးနိုင်သည် ဆိုသည့်စကားရပ်ကို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး သင့်လျော်သည်ဟု ယူဆသော အချိန်တွင် ဝင်ရောက် ကြည့်ရှုစစ်ဆေး နိုင်သည်။ ညဥ့်အချိန် ထိုသို့ ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက် ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၁၈၊ အပိုဒ်ခွဲ (ဂ) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော လိုအပ်ပါက မူရင်းများကို သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည် ဆိုသည့်စကားရပ်ကို လိုအပ်ပါက မူရင်းများကို သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဈ) မူလဥပဒေကြမ်း အပိုဒ် ၁၈၊ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၉၊ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား စစ်ဆေးရေး အရာရှိ တစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန် ဖောက်ဖျက်သူအား စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာ တရားရုံးတွင် ဤဥပဒေအရ တရားစွဲ နိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၂) ကို အပိုဒ် ၁၉၊ အပိုဒ်ခွဲ (ဂ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစား အလုပ်သမား သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေး အရာရှိထံသို့ ဖြေရှင်း ဆောင်ရွက်ရန် တင်ပြခြင်း မပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့် နစ်နာကြေးငွေများကို ပေးချေရန် သက်ဆိုင်ရာ တရားရုံးသို့ တရားမကြောင်းအရ တရားစွဲဆိုနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉ ကို အပိုဒ် ၂၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော အခကြေးငွေပေးရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုသည် အောက်ဖော်ပြပါ အကြောင်းရာများကြောင့်ဖြစ် သည်ဟု တရားရုံးက ဆုံးဖြတ်လျှင် ဆိုသည့်စကားရပ်ကို တရားရုံးသည် အခကြေးငွေ ပေးရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမှာ အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့် ဖြစ်သည်ဟု ဆုံးဖြတ်လျှင် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ (က)ကို အပိုဒ် ၂၀၊ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား သဘာ၀ ဘေးအန္တရာယ် အပါအ၀င် မမျှော်လင့်သော အရေးပေါ်အခြေအနေ ပေါ်ပေါက်လာသဖြင့် အခကြေးငွေကို ပေးချေနိုင်မှု မရှိခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ည) ဥပဒေကြမ်း အပိုဒ် ၁၉၊ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၂၀၊ အပိုဒ် ခွဲ (ဂ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော သက်ဆိုင်ရာ အလုပ်သမားကိုယ်တိုင် လာရောက် ထုတ်ယူရန် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ အလုပ်သမားက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက်ထုတ်ယူရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းခြေဆင်းတွင် ဖော်ပြထား သော စကားရပ်များအစား ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ ၆ လ အတွင်းဦးစီးဌာနသို့ ဖြေရှင်းဆောင်ရွက်ပေးရန် လျှောက်ထားမှု မပြုခဲ့သည့် ကိစ္စရပ်မှတစ်ပါး အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည် တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများအတွက် စွဲဆိုသည့် တရားမမှုကို မည်သည့်တရားရုံးကမျှ လက်ခံခြင်းမပြုရဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၂ ကို အပိုဒ် ၂၃ အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော မည်သည့် အလုပ်ရှင်မျှ ဤဥပဒေ အခန်း (၃) ပုဒ်မ ၇၊ ၈ ၊ ၉၊ ၁၀ နှင့် ၁၁ တို့ပါ ဆိုသည့်စကားရပ်ကို မည်သည့်အလုပ်ရှင်မျှ ပုဒ်မ ၈၊ ၉ နှင့်

၁၀ တို့ပါ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(မ) မူလဥပဒေကြမ်းအပိုဒ် ၂၃ ကို အပိုဒ် ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော နည်းဥပဒေ (သို့မဟုတ်) အမိန့်ကြော်ငြာစာပါဆိုသည့် စကားရပ်ကို နည်းဥပဒေများနှင့်အမိန့်တို့ပါဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၄ ကို အပိုဒ် ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ် ၂၀ သိန်း ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမား ရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည် ဆိုသည့်စကားရပ် အစား ထိုသူကို အလုပ်သမား တစ်ဦးချင်းစီ အတွက် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ငွေဒဏ် ချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၅ ကို အပိုဒ် ၂၆ အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၅ အရ ပြစ်မှုစီရင်ခြင်းခံရပြီး ထိုပြစ်မှုကိုပင် ဆက်လက်၍ ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အလုပ်သမားတစ်ဦးချင်းစီအား ဖောက်ဖျက်သည့်နေ့ရက် အသီးသီးအတွက် ကျပ် ၁ သောင်းစီ ငွေဒဏ်ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ယ) မူလဥပဒေကြမ်းအပိုဒ် ၂၆ ကို အပိုဒ် ၂၇ အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစားမည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက် တစ်ရပ်ရပ် ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၈ တွင် ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ရ) မူလဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၇ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(လ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များကို လည်းကောင်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အခကြေးငွေပေးရေး ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အစားထိုး ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခကြေးငွေပေးရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။အခကြေးငွေပေးရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်း ချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတတိယနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၄း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]